# ကြေးမုံ

The Mirror Daily

၁၉၅၇ ခုနှစ် မေ ၁၆ ရက် တွင် စတင်တည်ထောင်သည်။

Established in 1957


**လူအပေါင်းချစ်မြတ်နိုး**

သီလနှင့်လည်းပြည့်စုံ၊ ဉာဏ်အမြင်နှင့်လည်း ပြည့်စုံ၊ တရား၌တည်၍ အမှန်ကိုလည်း ပြောဆိုတတ်၊ မိမိပြုအပ်သည့် ကျင့်ဝတ်နှင့်လည်း ပြည့်စုံသောသူကို လူအပေါင်းသည် ချစ်မြတ်နိုး၏။

ပိယဝဂ်(ဓမ္မပဒ -၂၁၇)


၁၃၈၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၃ ရက်၊ စနေနေ့။ Saturday, 25 November 2023 ၁၁၂၉၀


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ၂၀၂၃ ခုနှစ် ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲအခမ်းအနား ကျင်းပ



နေပြည်တော် နိုဝင်ဘာ ၂၄

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ၂၀၂၃ ခုနှစ် ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော် သာသနဇ္ဇမဟာဗိမာန်တော်၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်၍ ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

**တက်ရောက်**

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ အကျိုးတော်ဆောင် သန်လျင်မြို့ မင်းကျောင်း ပထမပြန်စာသင်တိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသ၊ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဒုတိယဥက္ကဋ္ဌ

**စာမျက်နှာ ၃ ကော်လံ ၁ သို့** ❂

**ဆက်ကပ်လှူဒါန်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ဇမ္ဗူသီရိမြို့နယ် မဟာဝိဇိတာရုံကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ ဉာဏုတ္တရထံ ကထိန်လျာသင်္ကန်း ဆက်ကပ်လှူဒါန်းစဉ်။




# သတင်းများကို သိနားလည်မှုဖြင့်ဖြေရှင်း

အာရှ-ပစိဖိတ်ဒေသတွင်း ရုပ်သံလွှင့်လုပ်ငန်းဖွံ့ဖြိုးရေးဆိုင်ရာအဖွဲ့အစည်းက စီစဉ်သည့် "အွန်လိုင်းဘေးကင်းရေး၊ သတင်းများနှင့်ပြဿနာများကို မီဒီယာသိနားလည်မှုဖြင့် ကိုင်တွယ်ဖြေရှင်းရေးဆိုင်ရာ အွန်လိုင်းဆွေးနွေးပွဲတစ်ရပ်ကို အွန်လိုင်းဘေးကင်းမှုမြှင့်တင်ရန်၊ သတင်းတု/သတင်းမှား၊ ဆိုက်ဘာရာဇဝတ်မှု၊ အွန်လိုင်းလိမ်လည်လှည့်ဖြားမှုစသည့် လူတစ်ဦးချင်းနှင့် အဖွဲ့အစည်းများအား သိသာထင်ရှားသော ခြိမ်းခြောက်မှုများကို သိနားလည်စေရန်နှင့် မီဒီယာသိနားလည်မှုဆိုင်ရာ မြှင့်တင်ပေးခြင်းဖြင့် စိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းရန် ရည်ရွယ်ချက်ဖြင့် ယမန်နေ့က ကျင်းပခဲ့သည်။

သတင်းတု/သတင်းမှား အန္တရာယ်များကို မြန်မာနိုင်ငံသာမက ကမ္ဘာ့နိုင်ငံများပါ ရင်ဆိုင်ကြုံတွေ့နေရာ အဆိုပါပြဿနာကို ဖြေရှင်းနိုင်ရန်အတွက် နိုင်ငံများက နည်းလမ်းရှာဖွေဆောင်ရွက်နေကြသည်။ မြန်မာနိုင်ငံတွင် မကြာသေးမီရက်ပိုင်းက လက်နက်ကိုင်သောင်းကျန်းမှုများ ဖြစ်ပေါ်လာခဲ့သည်ကို အကြောင်းပြု၍ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ စစ်ရေး စသည့်မျက်နှာစာအမျိုးမျိုးတွင် သတင်းတု/သတင်းမှားများကို အွန်လိုင်းလူမှုကွန်ရက်များပေါ်တွင် ဖြန့်ဝေပြီး ထိုးနှက်တိုက်ခိုက်မှုများ ပြုလုပ်လာကြရာ နိုင်ငံတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ထိခိုက်လာနိုင်သည့်အန္တရာယ်များ ရှိလာခဲ့သည်။

သတင်းအချက်အလက်နှင့် မီဒီယာများ ပြောင်းလဲတိုးတက်လာသည့်ကာလတွင် သတင်းအချက်အလက်ဆိုင်ရာ ယုံကြည်စိတ်ချရမှုနှင့်ပတ်သက်သည့် သုတေသီများ၏ လေ့လာတွေ့ရှိချက်များအရ အင်တာနက်သည် သတင်းအချက်အလက်များ လွတ်လပ်စွာရရှိနိုင်ရန် ဆောင်ရွက်ခဲ့သော်လည်း ထိုသို့ဆောင်ရွက်မှုသည် သတင်းမှားများ/သတင်းတုများကို ခိုင်မာသည့်သုံးသပ်ချက်ကဲ့သို့ ထင်မြင်စေသည့် ဝါဒဖြန့်လိမ်ညာမှုများအတွက် အခွင့်အလမ်းဖြစ်စေခဲ့သည်ဟု မှတ်ချက်ပြုခဲ့သည်။ လက်တွေ့တွင် မသမာသူများက အင်တာနက်ကိုအသုံးပြု၍ လူတစ်ဦးချင်း၊ အဖွဲ့အစည်းတစ်ခုချင်းသာမက နိုင်ငံနှင့်ချီ၍ သတင်းတု/သတင်းမှားများဖြင့် ထိုးနှက်တိုက်ခိုက်မှုများ ပြုလုပ်နေကြသည်ကို ကြုံတွေ့နေရသည်။

မသမာသူများက သတင်းမှားများကို ရည်ရွယ်ချက်ရှိစွာဖြင့် ရှုပ်ထွေးပျံ့နှံ့သွားစေရန် အွန်လိုင်းပေါ်သို့ တင်လိုက်သည့်အခါ မီဒီယာကို မကောင်းသည့်နည်းလမ်းဖြင့် ဆောင်ရွက်မှုများကို တားဆီးရန် စိန်ခေါ်မှုများစွာရှိခဲ့သည်။ ဖြေရှင်းရန်နည်းလမ်းတစ်ခုမှာ မီဒီယာဆိုင်ရာသိနားလည်မှုကို ပြည်သူလူထုအား ကျယ်ကျယ်ပြန့်ပြန့် လျင်လျင်မြန်မြန် ချပြပေးနိုင်ရေးဖြစ်သည်။ မီဒီယာဆိုင်ရာသိနားလည်မှုသည် သတင်းတုများကို တုံ့ပြန်ရာ၌ ဗဟိုချက်မဖြစ်သည်ကို တွေ့ရှိလာကြသည်။ သို့သော် အလုံးစုံအဖြေတစ်ခုတော့မဟုတ်ပါ။ ရှုပ်ထွေးသည့် သတင်းနှင့်မီဒီယာဝန်းကျင်အတွင်းမှ မူဘောင်တစ်ခုအဖြစ် အသုံးပြုနိုင်သည်။ အဖြေတစ်ခုမှာ သတင်းမှန်ထုတ်ပြန်မှုကို အရင်မဦးလျှင်တောင်မှ နောက်ကျထုတ်ပြန်ခြင်းမပြုဘဲ တန်းတူထုတ်ပြန်နိုင်လျှင်ပင် အကျိုးရလဒ်ရနိုင်ပါသည်။

မီဒီယာသိနားလည်မှုမှ ပြည်သူလူထုယုံကြည်မှုထက် ပြည်သူလူထု ယုံကြည်မှုဖြင့် မီဒီယာသိနားလည်မှု ဖြစ်စေပါသည်။ ဖြစ်ရပ်တစ်ခုဖြစ်ပေါ်ပြီးသည်နှင့် သတင်းမှား/သတင်းတုများ ချက်ချင်းတက်လာသည်ကို မြင်တွေ့ရမည်ဖြစ်သည်။ ဖြစ်ရပ်တစ်ခုဖြစ်ပြီးသည်နှင့် သတင်းမှန်များလည်း ချက်ချင်းဖော်ပြနိုင်ပါလျှင် ပြည်သူလူထုအနေဖြင့် ခွဲခြားရှုမြင်ချင့်ချိန်နိုင်မည်ဖြစ်သည်။ အင်တာနက်နည်းပညာဖွံ့ဖြိုးလာသည်နှင့်အမျှ သတင်းတု/သတင်းမှားအန္တရာယ်မှာ များလာသည်။ ပြည်တွင်း၌ အင်တာနက်အသုံးပြု တိုက်ခိုက်လှုံ့ဆော်မှုများကို ထိရောက်စွာအရေးယူနိုင်ခြင်းရှိသော်လည်း ပြည်ပမှ အထောက်အပံ့များဖြင့် တိုက်ခိုက်လှုံ့ဆော် သွေးထိုးမှုများကို တုံ့ပြန်ရန်လိုအပ်ချက်များ ရှိနေသေးသည်ကိုတွေ့ရမည်ဖြစ်သည်။ ထို့ကြောင့် မီဒီယာသိနားလည်မှုဖြင့် အကာအကွယ်ပေးနိုင်ရန်အတွက် မီဒီယာအခင်းအကျင်းတစ်ခုလုံးကို နည်းပညာအသစ်များ၊ တင်ဆက်ပုံအသစ်များဖြင့် ရှိရင်းစွဲအစီအစဉ်များကို မွမ်းမံသင့်ပါသည်။ ပညာရပ်ဆိုင်ရာ ဘက်စုံပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်သင့်ပါသည်။ သတင်းတုများအပေါ် အာရုံစူးစိုက်လာနိုင်ခြင်းသည် ပိုမိုကောင်းမွန်သော ပတ်ဝန်းကျင်ကို ဖြစ်စေနိုင်ပါသည်။

ပိုမိုတိကျသော အကဲဖြတ်ချက်များဖန်တီးနိုင်သည့် ဒေတာဘေ့စ်များ တည်ဆောက်ထားရန် လိုအပ်ပါသည်။ သတင်းတု/သတင်းမှားများ အွန်လိုင်းတွင် ပျံ့နှံ့မှုနှင့် အကျိုးသက်ရောက်မှုများကို ပြည်သူလူထု ကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည်နိုင်ရန်လိုအပ်ပါသည်။ အွန်လိုင်းအကြောင်းအရာများကို အသိအမှတ်ပြုရန်နှင့် အကဲဖြတ်ရန်အတွက် ပညာပေးမှုများ၊ ဆိုက်ဘာရာဇဝတ်မှု၊ အွန်လိုင်းလိမ်လည်ခြင်းနှင့် အွန်လိုင်းခြိမ်းခြောက်မှုများကို ကာကွယ်နိုင်ရန် အသိပညာနှင့် ကျွမ်းကျင်မှုများအား ဖြည့်ဆည်းပေးရန်လိုအပ်ပါသည်။ သတင်းအချက်အလက်များကို တာဝန်သိစွာမျှဝေမှုနှင့် ဒစ်ဂျစ်တယ်ပလက်ဖောင်းများအား ကျင့်ဝတ်များနှင့်အညီ အသုံးပြုနိုင်ရေးတို့ကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။

သို့ဖြစ်ရာ သတင်းတု/သတင်းမှားများ ကျယ်ပြန့်လာသောကာလတွင် ပြည်သူလူထုအား မှန်ကန်သောသတင်း သိနိုင်မှုကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ပေးပြီး အွန်လိုင်းပေါ်တွင် အန္တရာယ်ကင်းဝေးရေး၊ သတင်းမှားများနှင့် ပြဿနာများကို မီဒီယာသိနားလည်မှုဖြင့် ကိုင်တွယ်ဖြေရှင်းနိုင်ရေးအတွက် မီဒီယာကဏ္ဍမှသာမက နယ်ပယ်အသီးသီးမှ တာဝန်သိစွာဖြင့် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးနိုင်ရန် တိုက်တွန်းအပ်ပါကြောင်း။ ။

## မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင် မီးထွန်းပွဲတော်၊ မီးပုံးပျံလွှတ်တင်ပူဇော်ခြင်း ဖွင့်ပွဲအခမ်းအနားကို စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်

နေပြည်တော် နိုဝင်ဘာ ၂၄

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ် ဝတ္ထုကံတော်တွင် တည်ထားပူဇော်အောင်မြင်ခဲ့သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ တန်ဆောင်တိုင်မီးထွန်းပွဲတော်၊ မီးပုံးပျံလွှတ်တင်ပူဇော်ခြင်းကို နိုဝင်ဘာ ၂၅ ရက်မှ ၂၇ ရက်အထိ သုံးရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပပူဇော်သွားမည်ဖြစ်သည်။

မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ တန်ဆောင်တိုင် မီးထွန်းပွဲတော်၊ မီးပုံးပျံလွှတ်တင်ပူဇော်ခြင်း ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၂၅ ရက် ညနေ ၆ နာရီတွင် မာရဝိဇယ ဗုဒ္ဓဥယျာဉ်တော်၌ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားတွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ခေတ်ပေါ်တေးဂီတအဖွဲ့၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး မြဝတီတေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ နာမည်ကျော်တေးသံရှင်များက ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်သည်။ ညပိုင်းတွင် အလှညမီးကြီးနှင့် စိန်နားပန်မီးပုံးပျံကြီးများ လွှတ်တင်ပူဇော်မှုများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

နိုဝင်ဘာ ၂၆ ရက်နှင့် ၂၇ ရက် (တန်ဆောင်မုန်းလပြည့်) ညတို့တွင်လည်း မီးပုံးပျံများ လွှတ်တင်ပူဇော်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




## လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းရောက်ရှိ

နေပြည်တော် နိုဝင်ဘာ ၂၄

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် N.P.K Motors Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် MG၊ MG4 အမျိုးအစား လျှပ်စစ်သုံးယာဉ်များနှင့် MG၊ Marvel R အမျိုးအစား လျှပ်စစ်သုံးယာဉ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂၄ - ၁၁ -၂၀၂၃

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၆၀၀ | ၈,၇၀၀ | ၁၄၂ | ၁,၂၃၂,၃၀၀ |
| MTSH | ၂,၉၀၀ | ၂,၉၀၀ | ၁,၉၈၉ | ၅,၇၆၈,၁၀၀ |
| MCB | ၇,၃၀၀ | ၇,၃၀၀ | ၀ | ၀ |
| FPB | ၁,၅၅၀ | ၁,၆၀၀ | ၁,၀၃၈ | ၁,၆၁၆,၁၅၀ |
| TMH | ၂,၄၀၀ | ၂,၄၀၀ | ၂၀၀ | ၄၈၀,၀၀၀ |
| EFR | ၂,၀၀၀ | ၂,၀၀၀ | ၅ | ၁၀,၀၀၀ |
| AMATA | ၄,၉၀၀ | ၄,၉၀၀ | ၃၀ | ၁၄၇,၀၀၀ |
| MAEX | ၁,၇၀၀ | ၁,၇၀၀ | ၅၀၅ | ၈၅၈,၅၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။


ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခိုင်သန္တာရွှေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးကျော်သူရနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့



ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

✪ ရှေ့ဖုံးမှ

ကျောက်မဲမြို့ သီဟိုဠ်ပရိယတ္တိ စာသင်တိုက်ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တစန္ဒနသာရနှင့် ဥပ္ပါတသန္တိစေတီတော် ဂေါပကအဖွဲ့ ဩဝါဒါစရိယ ဆရာတော်ကြီးများ အမှူးပြုသည့် ပင့်ဖိတ်ထားသော ဆရာတော်ကြီး ၂၇ ပါး ကြွရောက်ချီးမြှင့်တော်မူကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့နှင့်အတူ ကောင်စီအတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့်ဇနီး၊ ကောင်စီဝင်များနှင့်ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် သာသနဗိမာန်တော်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညို၍ မြသပိတ်ဆွမ်းတော်၊ ပန်း၊ ရေချမ်း၊ ဆီမီးနှင့် သစ်သီးတို့ကို ဆက်ကပ်လှူဒါန်းသည်။ **စာမျက်နှာ ၄ သို့** ✪



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အခမ်းအနားတက်ရောက်လာကြသည့် ဧည့်ပရိသတ်အပေါင်းတို့က နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသ ထံမှ ငါးပါးသီလခံယူဆောက်တည်ကြစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသ ထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေးက ဆရာတော်ထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့် အခမ်းအနားတက်ရောက်လာကြသည့် ဧည့်ပရိသတ်များက ကထိန်ခံ ဇမ္ဗူသီရိမြို့နယ် မဟာဝိဇိတာရုံကျောင်းတိုက်သို့ လှူဒါန်းရန် ခင်းကျင်းပြင်ဆင်ထားသည့် ကထိန်လျာသင်္ကန်း၊ လှူဖွယ်ပစ္စည်းများနှင့် ပဒေသာပင်များအား လှည့်လည်ကြည့်ရှုစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး ဆရာတော်ထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး၏ ဇနီးက ဆရာတော်ထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးဝဏ္ဏမောင်လွင်က ဆရာတော်ထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပိုးရယ်အောင်သိန်းက ဆရာတော်ထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ခွန်စံလွင်က ဆရာတော်ထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



✪ စာမျက်နှာ ၃ မှ

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနား တက်ရောက်လာသည့် ဧည့်ပရိသတ်များသည် ကထိန်ခံ ဇမ္ဗူသီရိမြို့နယ် မဟာဝိဇိတာရုံကျောင်းတိုက်သို့ လှူဒါန်းရန် ခင်းကျင်းပြင်ဆင်ထားသည့် ကထိန်လျာသင်္ကန်း၊ လှူဖွယ်ပစ္စည်းများနှင့် ပဒေသာပင်များအား လှည့်လည်ကြည့်ရှုကြသည်။

### ငါးပါးသီလခံယူဆောက်တည်

ယင်းနောက် အခမ်းအနားကို “နမော တဿ” သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့ဖွင့်လှစ်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသည့် ဧည့်ပရိသတ်အပေါင်းတို့သည် သန်လျင်မင်းကျောင်း ဆရာတော်ကြီးထံမှ ငါးပါးသီလခံယူဆောက်တည်၍ သံဃာတော်အရှင်သူမြတ်များ ရွတ်ပွားသရဇ္ဈာယ်တော်မူသော မေတ္တာသုတ် ပရိတ်တရားတော်များကို နာယူကြသည်။

### ဆက်ကပ်လှူဒါန်း

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် သန်လျင်မင်းကျောင်းဆရာတော်ကြီးနှင့် ကျောက်မဲဆရာတော်ကြီးထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကိုလည်းကောင်း၊ ကထိန်အလှူခံကျောင်း ဇမ္ဗူသီရိမြို့နယ် မဟာဝိဇိတာရုံကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တဉာဏုတ္တရထံ ကထိန်လျာသင်္ကန်းနှင့် လှူဖွယ် ပစ္စည်းများကိုလည်းကောင်း ဆက်ကပ်လှူဒါန်းသည်။

စာမျက်နှာ ၅ သို့ ✪



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရွှေကြိမ်းက ဆရာတော်ထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေးက ဆရာတော်ထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ဆရာတော်ထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်က ဆရာတော်ထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

✪ စာမျက်နှာ ၄ မှ

ဆက်လက်ပြီး ကောင်စီအတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် ဇနီး၊ ကောင်စီဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများက ဆရာတော်၊ သံဃာတော်များထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကိုလည်းကောင်း အသီးသီးဆက်ကပ်လှူဒါန်းကြသည်။

**ကထိန်အမေးအဖြေများဆောင်ရွက်**

၎င်းနောက် တပ်ကုန်းမြို့ ငွေတောင်တောရကျောင်းတိုက် ဆရာတော်နှင့် ပျဉ်းမနားမြို့ အုန်းတောကျောင်းတိုက် ဆရာတော်တို့က ကထိန်အမေးအဖြေများကို ဆောင်ရွက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသည့် ဧည့်ပရိသတ်အပေါင်းတို့သည် သန်လျင်မင်းကျောင်း ဆရာတော်ကြီးထံမှ အနုမောဒနာတရားနာကြား၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

ယင်းနောက် အခမ်းအနားကို "ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု" သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။ အခမ်းအနားအပြီးတွင် သန်လျင်မင်းကျောင်းဆရာတော်ကြီး အမှူးပြုသည့် ဆရာတော်၊ သံဃာတော်များအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌနှင့်ဇနီး၊ ဧည့်ပရိသတ်များက နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့သည်။

ယနေ့ ကျင်းပပြုလုပ်သည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ၂၀၂၃ ခုနှစ် ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားတွင် ပဒေသာပင် ၅၀ နှင့် လှူဒါန်းငွေကျပ် ၉၀၁၅၈၅၀၀ ဖြစ်သဖြင့် စုစုပေါင်းလှူဒါန်းမှုမှာ တန်ဖိုးငွေကျပ် ၁၃၆၇၁၄၆၀၀ ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က သန်လျင်မင်းကျောင်းဆရာတော်ကြီး အမှူးပြုသည့် ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အကြိမ်(၆၀)မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ)ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲသို့ တက်ရောက်အားပေး၊ ဆုများ ပေးအပ်ချီးမြှင့်

## ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စခန်းမှူးရုံးအသင်း ထိုက်ထိုက်တန်တန် အနိုင်ရဗိုလ်စွဲ





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ အကြိမ်(၆၀)မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို ကြည့်ရှုအားပေးစဉ်။

**နေပြည်တော် နိုဝင်ဘာ ၂၄**

အကြိမ်(၆၀)မြောက်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဖလား တပ်မတော် (ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိတပ်မတော်အားကစားကွင်း၌ ကျင်းပပြုလုပ်ရာ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုဘောလုံးအသင်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စခန်းမှူးရုံး ကိုယ်စားပြု ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြသည်။

**သီဆိုဖျော်ဖြေ**

ပြိုင်ပွဲမစတင်မီ ဗိုလ်လုပွဲသို့ လာရောက်ကြည့်ရှု အားပေးကြသည့် နှစ်ဖက်အသင်း ပရိသတ်များနှင့် အားကစားဝါသနာရှင်ပရိသတ်များအား ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် မြဝတီတေးဂီတအဖွဲ့မှ တေးသံရှင်များက တေးသံသာများဖြင့် သီဆိုဖျော်ဖြေကြသည်။

အဆိုပါဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေးနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ် (လေ)နှင့်ဇနီး၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်မှ သင်တန်းသားအရာရှိကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ရေ၊လေ)ရုံး၊ ဌာနအသီးသီးမှ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်ရှိ တပ်နယ်များမှ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ တပ်မတော်ဘောလုံးအကယ်ဒမီမှ သင်တန်းသားများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် အားကစားဝါသနာရှင် ပရိသတ်များ တစ်ခဲနက်တက်ရောက်ကြည့်ရှုအားပေးကြသည်။

**ယှဉ်ပြိုင်ကစား**

အကြိမ်(၆၀)မြောက်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဖလား တပ်မတော် (ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို ယှဉ်ပြိုင်ကစားကြရာတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုဘောလုံးအသင်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စခန်းမှူးရုံးကိုယ်စားပြု ဘောလုံးအသင်းတို့သည် ပွဲစတင်ကစားချိန်မှစ၍ ဗိုလ်လုပွဲသို့ အကြိတ်အနယ်ယှဉ်ပြိုင် တက်ရောက်လာသည့် အသင်းများဖြစ်သည်နှင့် အညီ ခြေရည်တူစွာဖြင့် တစ်ဖက်နှင့်တစ်ဖက် ဦးဆောင်ဂိုးရရှိနိုင်ရေး အတွက် အင်နှင့်အားနှင့် ယှဉ်ပြိုင်ကစားခဲ့ကာ ပွဲကစားချိန် လေးမိနစ်တွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် အသင်းက ဦးဆောင်ဂိုး စတင်ရရှိခဲ့သည်။ ထို့နောက် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) စခန်းမှူးရုံး အသင်းက ဘောလုံးကို ပိုမိုထိန်းသိမ်းကစားနိုင်ခဲ့ပြီး ပွဲကို စိုးမိုးထားခဲ့ကာ ပွဲချိန် ၁၆ မိနစ်တွင် ချေပဂိုးပြန်လည်သွင်းယူနိုင်ခဲ့သဖြင့် တစ်ဖက်တစ်ဂိုးစီဖြင့် အကြိတ်အနယ် ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ကြသည်။

ယင်းနောက် တစ်ဖက်နှင့်တစ်ဖက် ဂိုးရရှိနိုင်သည့်အခွင့်အရေးများ အပြန်အလှန်ရရှိခဲ့ကြပြီး အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းက ပွဲချိန် ၃၉ မိနစ်နှင့် ၄၆ မိနစ်တို့တွင် တိကျသည့်ကန်ချက်များဖြင့် ဦးဆောင်ဂိုးများထပ်မံရယူနိုင်ခဲ့သဖြင့် ပထမပိုင်းပြီးဆုံးချိန်တွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းက ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စခန်းမှူးရုံးအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ဒုတိယပိုင်း ပွဲကစားချိန်တွင် တစ်ဖက်နှင့်တစ်ဖက် အကြိတ်အနယ် ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ကြပြီး ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) စခန်းမှူးရုံးအသင်းက ပွဲချိန် ၆၆ မိနစ်တွင် ချေပဂိုးတစ်ဂိုးနှင့် သာမန်ပွဲကစားချိန် မိနစ် ၉၀ ပြီးဆုံး၍ နာကျင်အချိန်ပိုပေးထားသည့် ၉၃ မိနစ်တွင် အဖိုးတန်ချေပဂိုး တစ်ဂိုးတို့ကို ထပ်မံသွင်းယူနိုင်ခဲ့သည့် အတွက် ပွဲကစားချိန်ပြီးဆုံးချိန်တွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် အသင်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) စခန်းမှူးရုံး အသင်းတို့သည် တစ်ဖက်သုံးဂိုးစီဖြင့် သရေကျခဲ့ပြီး အချိန်ပို ဆက်လက်ယှဉ်ပြိုင်ခဲ့ကြသည်။

စာမျက်နှာ ၆ သို့☆

☆စာမျက်နှာ ၅ မှ

အချိန်ပိုပွဲစဉ်များ အတွင်း၌လည်း တစ်ဖက်နှင့် တစ်ဖက် အနိုင်မခံ၊ အရှုံးမပေး ရေကုန်ရေခန်း အားကစားစိတ်ဓာတ် အပြည့်ဖြင့် ဆက်လက်ယှဉ်ပြိုင် ကစားခဲ့ကြပြီး နှစ်ဖက်အသင်း ကိုးသမားများ၏ လက်စွမ်းပြမှုများနှင့်အတူ တစ်ဖက်နှင့်တစ်ဖက် ဂိုးသွင်းယူနိုင်ခဲ့ခြင်းမရှိသည့်အတွက် အချိန်ပို ပွဲချိန်ပြီးဆုံးချိန်တွင် သုံးဂိုးစီဖြင့် သရေရလဒ်သာ ထွက်ပေါ်ခဲ့သဖြင့် ပင်နယ်တီအဆုံးအဖြတ် ခံယူခဲ့ရာ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) စခန်းမှူးရုံးအသင်းက အရှေ့ပိုင်း တိုင်းစစ်ဌာနချုပ် အသင်းကို ခြောက်ဂိုး - ငါးဂိုးဖြင့် ထိုက်တန်စွာ အနိုင်ရဗိုလ်စွဲခဲ့သည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တပ်မတော် (ကြည်း၊ရေ၊လေ) ဘောလုံးပြိုင်ပွဲ(က)အဆင့်ပြိုင်ပွဲတွင် ပထမဆုကို ဆွတ်ခူးနိုင်ခဲ့သည့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) စခန်းမှူးရုံးအသင်းကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ တံခွန်စိုက်ဆုဖလား၊ ဆင့်ပွားဆုဖလားနှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်စဉ်။

ယင်းနောက် ဆုချီးမြှင့်ခြင်း အခမ်းအနားကို ဆက်လက်ပြုလုပ်ရာ တပ်မတော်(ကြည်း၊ရေ၊လေ) ဘောလုံးပြိုင်ပွဲ(ခ)အဆင့် ပြိုင်ပွဲတွင် အသန့်ရှင်းဆုံးဆု ရရှိသည့် အနောက်တောင်တိုင်းစစ်ဌာနချုပ် အသင်းနှင့် (က) အဆင့်ပြိုင်ပွဲတွင် အသန့်ရှင်းဆုံးဆုရရှိသည့် ရန်ကုန်တိုင်းစစ်ဌာနချုပ် အသင်းတို့ကို နေပြည်တော်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် စောသန်းလှိုင်က ဆုဖလားနှင့် ငွေသားဆုများကိုလည်းကောင်း၊ (ခ)အဆင့်ပြိုင်ပွဲတွင် တတိယဆုရရှိသည့် အနောက်ပိုင်း တိုင်းစစ်ဌာနချုပ်အသင်းနှင့် (က) အဆင့်ပြိုင်ပွဲတွင် တတိယဆုရရှိသည့် ရန်ကုန်တိုင်းစစ်ဌာနချုပ် အသင်းတို့ကို စစ်ရာထူးခန့်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး လင်းအောင်က ငွေသားဆုနှင့် တစ်ဦးချင်း ဆုတံဆိပ်များကိုလည်းကောင်း၊ (ခ) အဆင့်ပြိုင်ပွဲတွင် ဒုတိယဆုရရှိသည့် အနောက်တောင်တိုင်း စစ်ဌာနချုပ်အသင်းနှင့် (က)အဆင့် ပြိုင်ပွဲတွင် ဒုတိယဆုရရှိသည့် အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် အသင်းတို့ကို စစ်ရေးချုပ် ဒုတိယ ဗိုလ်ချုပ်ကြီး စိုးမင်းဦးက ငွေသားဆုနှင့် တစ်ဦးချင်း ဆုတံဆိပ်များကိုလည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။

### ပေးအပ်ချီးမြှင့်

ဆက်လက်၍ (ခ)အဆင့်ပြိုင်ပွဲတွင် နေရာအလိုက်အကောင်းဆုံး အားကစားသမားဆု ရရှိသူများကို ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး တေဇကျော်က တစ်ဦးချင်းဆုတံဆိပ်နှင့်ငွေသားဆုများကိုလည်းကောင်း၊ (က) အဆင့်ပြိုင်ပွဲတွင် နေရာအလိုက် အကောင်းဆုံး အားကစားသမားဆုရရှိသူများကို ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံက တစ်ဦးချင်း ဆုတံဆိပ်နှင့် ငွေသားဆုများကိုလည်းကောင်း၊ (ခ) အဆင့်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းမှ အားကစားသမားများကို ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်က

စာမျက်နှာ ၇ သို့ ✻



ဒုတိယနိုင်းကွပ်ကဲရေးမှူး (ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး တပ်မတော်(ကြည်း၊ ရေ၊လေ) ဘောလုံးပြိုင်ပွဲ (ခ)အဆင့်ပြိုင်ပွဲတွင် ပထမဆုရရှိသော တောင်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ တံခွန်စိုက်ဆုဖလား၊ ဆင့်ပွားဆုဖလားနှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်စဉ်။



ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးမိုးအောင် (က)အဆင့်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) စခန်းမှူးရုံးအသင်းမှ အားကစားသမားများကို တစ်ဦးချင်းဆုတံဆိပ်များ ပေးအပ်ချီးမြှင့်စဉ်။




### ကြည့်ရှုအားပေး

အကြိမ် (၆၀) မြောက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊လေ) ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲတွင် အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် ကိုယ်စားပြု ဘောလုံးအသင်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စခန်းမှူးရုံးကိုယ်စားပြု ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို အားကစားဝါသနာရှင် ပရိသတ်များ တစ်ခဲနက်ကြည့်ရှုအားပေးကြစဉ်။

✻ စာမျက်နှာ ၆ မှ

တစ်ဦးချင်း ဆုတံဆိပ်များကိုလည်းကောင်း၊ (က)အဆင့်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စခန်းမှူးရုံးအသင်းမှ အားကစားသမားများကို ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးမိုးအောင်က တစ်ဦးချင်း ဆုတံဆိပ်များကိုလည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးက တပ်မတော်(ကြည်း၊ ရေ၊လေ)ဘောလုံးပြိုင်ပွဲ(ခ)အဆင့်ပြိုင်ပွဲတွင် ပထမဆုရရှိသော တောင်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ တံခွန်စိုက်ဆုဖလား၊ ဆင့်ပွားဆုဖလားနှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က တပ်မတော်(ကြည်း၊ရေ၊လေ) ဘောလုံးပြိုင်ပွဲ(က)အဆင့်ပြိုင်ပွဲတွင် ပထမဆုကို ဆွတ်ခူးနိုင်ခဲ့သည့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) စခန်းမှူးရုံးအသင်းကို တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၏ တံခွန်စိုက်ဆုဖလား၊ ဆင့်ပွားဆုဖလားနှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်သည်။

အဆိုပါ အကြိမ် (၆၀)မြောက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဖလား တပ်မတော် (ကြည်း၊ ရေ၊လေ)ဘောလုံးပြိုင်ပွဲကို (က) အဆင့်ပြိုင်ပွဲနှင့် (ခ) အဆင့်ပြိုင်ပွဲဟူ၍ ပြိုင်ပွဲ နှစ်မျိုးခွဲခြားကာ (က) အဆင့်တွင် ပြိုင်ပွဲဝင်အသင်း ၁၆ သင်း၊ (ခ) အဆင့်တွင် ပြိုင်ပွဲဝင်အသင်းရှစ်သင်း စုစုပေါင်း ၂၄ သင်းဖြင့် ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်ကာ ပထမအဆင့် အုပ်စုပတ်လည် ပြိုင်ပွဲများကို တိုင်းစစ်ဌာနချုပ်များအလိုက် ဇုန်များခွဲ၍ ယှဉ်ပြိုင်ကစားခဲ့ကြပြီး နေပြည်တော်ရှိ ဇေယျာသီရိ တပ်မတော်အားကစားကွင်း၌ ဒုတိယအဆင့် ရှုံး/ထွက်ပွဲစဉ်များနှင့် ဗိုလ်လုပွဲ ပွဲစဉ်များအား ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၆ ရက်မှ စတင်၍ ယှဉ်ပြိုင်ကစားခဲ့ကြခြင်း ဖြစ်ပြီး ယနေ့တွင် ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင် (ခ) အဆင့်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းမှ အားကစားသမားများကို တစ်ဦးချင်းဆုတံဆိပ်များပေးအပ်ချီးမြှင့်စဉ်။



**အကြိမ် (၆၀)မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော် (ကြည်း၊ ရေ၊လေ)ဘောလုံးပြိုင်ပွဲကို (က)အဆင့်ပြိုင်ပွဲနှင့် (ခ) အဆင့်ပြိုင်ပွဲဟူ၍ ပြိုင်ပွဲနှစ်မျိုးခွဲခြားကာ (က)အဆင့်တွင် ပြိုင်ပွဲဝင်အသင်း ၁၆ သင်း၊ (ခ) အဆင့်တွင် ပြိုင်ပွဲဝင်အသင်းရှစ်သင်း စုစုပေါင်း ၂၄ သင်းဖြင့် ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်ကာ ပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများကို တိုင်းစစ်ဌာနချုပ်များအလိုက် ဇုန်များခွဲ၍ ယှဉ်ပြိုင်ကစားခဲ့ကြပြီး နေပြည်တော်ရှိ ဇေယျာသီရိ တပ်မတော်အားကစားကွင်း၌ ဒုတိယအဆင့် ရှုံး/ထွက် ပွဲစဉ်များနှင့် ဗိုလ်လုပွဲ ပွဲစဉ်များအား ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၆ ရက်မှစတင်၍ ယှဉ်ပြိုင်ကစားခဲ့ကြခြင်းဖြစ်ပြီး ယနေ့တွင် ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ခြင်းဖြစ်**

အကြိမ် (၆၀)မြောက် တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်ဖလား တပ်မတော် (ကြည်း၊ ရေ၊လေ)ဘောလုံး ပြိုင်ပွဲ (က)အဆင့်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) စခန်းမှူးရုံး အသင်းမှ အားကစား သမားများ အောင်ပွဲခံနေစဉ်။



# ထိုင်းဘုရင့်လေတပ်ဦးစီးချုပ်နှင့်ဇနီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့မှပြန်လည်ထွက်ခွာ

**နေပြည်တော် နိုဝင်ဘာ ၂၄**

ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်၏ဖိတ်ကြားချက်အရ မြန်မာနိုင်ငံ၌ တရားဝင် ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် ထိုင်းဘုရင့်လေတပ်ဦးစီးချုပ် Air Chief Marshal Punpakdee Pattanakul နှင့်ဇနီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ ထိုင်းဘုရင့်တပ်မတော်အထူး လေယာဉ်ဖြင့် ထိုင်းနိုင်ငံသို့ပြန်လည်ထွက်ခွာကြရာ တပ်မတော်(လေ)မှအရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းလေတပ်စစ်သံမှူး Group Captain Jumphol Chantakamma နှင့်တာဝန်ရှိသူများက မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

**သွားရောက်လေ့လာ**

အဆိုပါ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာ ၂၃ ရက်တွင် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်၊ ကမ္ဘာအေးစေတီတော်နှင့် ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦး စေတီတော်တို့အား ဖူးမြော်ကြည်ညိုကြပြီး ဗိုလ်ချုပ်အောင်ဆန်းဈေးသို့ သွားရောက်လေ့လာခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



# ဘဝအတွက်အဖိုးတန်ရာတရားနှင့် သာမညဖလအခါမှာ

ဒေါက်တာမြတ်မိုး

**လောကကြီးမှာ အယူမမှား၊ အယူမှန်ဖို့က အရေးကြီးလှသည်။ အယူမှန်မှလည်း မှန်ကန်သော အကြံအစည်ဟူ၍ ဖြစ်ပေါ်နိုင်ပါသည်။ ကိလေသာတို့ကို ပယ်သတ်ပြီး နိဗ္ဗာန်သို့ လျှောက်လှမ်းရာမှာ ဒုက္ခကို ဒုက္ခမှန်းသိခြင်း၊ ဒုက္ခ၏အစ၊ ဒုက္ခချုပ်ကြောင်းနှင့် ဒုက္ခငြိမ်းရာ အမှန်လမ်းကို သစ္စာအမှန်အဖြစ်လည်းကောင်း၊ သမ္မာဒိဋ္ဌိဟူသော အယူမှန်ခြင်းကို မဂ္ဂင်ရှစ်ပါးမှာ အရေးအကြီးဆုံးတစ်ပါးအဖြစ်လည်းကောင်း ကျေးဇူးရှင်မြတ်စွာဘုရားက အတိအလင်းဟောတော်မူခဲ့သည်။**

ထိုတရားများ၏ ဆန့်ကျင်ဘက်ကား မိစ္ဆာဒိဋ္ဌိ အယူမှားခြင်းဖြစ်သည်။ အယူမှားမှုများကြောင့် လူများပျက်စီးရသည်။ လောကကြီးဖျက်ဆီးခံရသည်။ မြတ်စွာဘုရားဟောတော်မူသော၊ မှန်ကန်သောအယူဟူသည် မည်သည့်ဘာသာဖြစ်ရမည်ဟုမဆို၊ သတ္တဝါအားလုံးအတွက်ဖြစ်သည်။ ဟိုအတွက်တော့မှန်သည်၊ ဒီအတွက်တော့ မမှန်မဟုတ်ပါ။ လက်တွေ့လိုက်နာကျင့်ကြံကြည့်ရန် အားပေးသည်။ အထက်ပါ သမ္မာဒိဋ္ဌိ မှန်ကန်သော အယူနှင့် မှန်ကန်သောအမြင်များကြောင့် အချို့ ပညာဉာဏ်ကြီးသူများမှာ သစ္စာလေးပါးအလင်းတရားကို ရှာဖွေလာကြပြီး သံသရာဝဋ်ဒုက္ခမှ လွတ်မြောက်ရေးအထိ အကြံအစည်များဖြစ်ပေါ်ရသည်။ တစ်ပါးသူကို မပင်ပန်းစေခြင်း၊ စိတ်ဒုက္ခ မရောက်စေခြင်း၊ သတ္တဝါများကို မပျက်စီးစေလိုခြင်းစသည့် စေတနာကောင်းရှိသူများ လောကတွင် အများအပြားရှိပါသည်။ သူတို့အတွက် ဒီလိုအကြံအစည်မျိုး ရရှိလာခြင်းသည်ပင် အရင်းစစ်ကြည့်တော့ အယူမှန် အမြင်မှန်ကြသောကြောင့်ဟု ယုံကြည်မိပါသည်။

### မှားယွင်းသောအယူနှင့် အစွဲကြီးရာမှသည်

ထို့ကြောင့် ဒုစရိုက်များကင်းရာနှင့် သုစရိုက်တွေများရာ ယုတ်ညံ့မှုများနှင့် ဖြူစင်မှုများရှိရာကို မှန်ကန်သောအယူနှင့် ဆက်စပ်ကြည့်မိသည်။ သာသနာကာလမှာ လူဖြစ်လာရသော်လည်း လောကကြီးတွင် အယူမှားမှုဟူသော အခြေခံဉာဏ်ပညာမဲ့တရားအစုများကြောင့် မလုံခြုံသလို ခံစားနေကြရခြင်းဖြစ်သည်။ အယူမှားမှုနှင့်အတူ အကျင့်မှား၊ ယုံကြည်မှုအမှား၊ သံသယပေါင်းများစွာနှင့် ကျင်လည်နေကြရသည်။ ဘုရား၊ တရား၊ သံဃာဟူသော ရတနာသုံးပါးကိုပင် ယုံကြည်အောင် မနည်းကြိုးစားနေရသူများ ရှိနေသေးသည်။ ရတနာသုံးပါးကိုမယုံကြည်၊ ကောင်းတာလုပ်လျှင် ကောင်းတာဖြစ်မည်၊ မကောင်းတာလုပ်လျှင် မကောင်းတာဖြစ်မည်ကိုလည်းမသိ၊ ကုသိုလ်၊ အကုသိုလ်ဆိုတာရှိသည်ကိုလည်းမသိ၊ ကုသိုလ်၊ အကုသိုလ် အကျိုးပေးကိုလည်း မယုံကြည်မှတော့ ဘဝသံသရာအဆက်ဆက်ဆိုသည်ကိုလည်း ယုံနိုင်တော့မည်မဟုတ်။ ထို့ကြောင့် ရှည်လွန်းလှသည့် သံသရာတွင် နောင်ဘဝဆိုသည်လည်းမရှိ၊ ဒီဘဝမှာပဲပြတ်သည်၊ ကောင်းတာ၊ မကောင်းတာလည်း ဒီဘဝမှာပဲပြီးသည်ဟု အစွဲရှိတတ်ကြသည်။ သံသရာကိုမယုံကြည်သည့်အတွက် တဝဲလည်လည်ဖြင့် လောဘ၊ ဒေါသ၊ မောဟအစုံမှာ ကြီးလေးသောအပြစ်များ ကျူးလွန်မိသလိုဖြစ်နေသည်။ ထို့ကြောင့် လက်တွေ့တွင် အမှားတွေများလာကြပြီး ပစ္စုပ္ပန်မှာ အကျိုးဆုတ်ယုတ်ပျက်ပြားကြရသလို သံသရာမှာလည်း အကျိုးပေးမလှ ဒုဂ္ဂတိဘဝရောက်ကြရသည်။

အယူမမှန်၊ အတွေးမမှန်သည့်အခါ ဆရာအတင်မှားပြီး မိတ်ဆွေအစစ်အမှန်ကို မသိနိုင်လောက်အောင် အမှတ်မှားကုန်ကြခြင်းလည်း ပါမည်ထင်သည်။ မပေါင်းအပ်သူနှင့် ပေါင်းမိခြင်းပါသလို မပြစ်မှားသင့်သူကို ပြစ်မှားမိခြင်းကြောင့်လည်းဖြစ်သည်။ တကယ်မရှိတာကို အရှိထင်၊ ရှိတာကိုလည်း ယုတ္တိရှိ/မရှိ သဘာဝတရားနှင့်ယှဉ်ပြီး မဆန်းစစ်နိုင်ကြ၊ သူများက ဝေဖန်တော့လည်း အဝေဖန်မခံနိုင်ကြ။ ထိုတရားများကို မသိသည့်အတွက် ဒါဟာလည်းငါ့ဟာ၊ ဟိုဟာလည်းငါ့ဥစ္စာ၊ ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမ ငါ့အတ္တတွေအထိ ဖြစ်တည်လာရတော့သည်။ နောက်ဆုံး အားလုံးဟာ မမြဲခြင်းသဘောများဆိုသည်ကိုလည်း မမြင်နိုင်ကြတော့ပါ။

> **“အယူမမှန်၊ အတွေးမမှန်သည့်အခါ ဆရာအတင်မှားပြီး မိတ်ဆွေအစစ်အမှန်ကို မသိနိုင်လောက်အောင် အမှတ်မှားကုန်ကြခြင်းလည်း ပါမည်ထင်သည်။ မပေါင်းအပ်သူနှင့် ပေါင်းမိခြင်းပါသလို မပြစ်မှားသင့်သူကို ပြစ်မှားမိခြင်းကြောင့်လည်းဖြစ်သည်။ တကယ်မရှိတာကို အရှိထင်၊ ရှိတာကိုလည်း ယုတ္တိရှိ/မရှိ သဘာဝတရားနှင့်ယှဉ်ပြီး မဆန်းစစ်နိုင်ကြ၊ သူများက ဝေဖန်တော့လည်း အဝေဖန်မခံနိုင်ကြ။ ထိုတရားများကို မသိသည့်အတွက် ဒါဟာလည်းငါ့ဟာ၊ ဟိုဟာလည်းငါ့ဥစ္စာ၊ ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမ ငါ့အတ္တတွေအထိ ဖြစ်တည်လာရတော့သည်။ နောက်ဆုံး အားလုံးဟာ မမြဲခြင်းသဘောများဆိုသည်ကိုလည်း မမြင်နိုင်ကြ”**

အယူမှားတတ်သူများသည် မှန်ကန်ရာကိုမယူတတ်ကြပေမယ့် မမှန်တာကိုမှ စွဲတတ်ကြသည်။ တချို့အစွဲကြီးစွဲ၍ အတ္တကြီးသူများဖြစ်ကုန်သည်။ ကိုယ်စွဲမိစွဲရာကို အမှန်ဟုလည်း ထင်မှတ်မှားတတ်ကြသည်။ ကိုယ့်အယူအဆသာ အမှန်၊ သူ့အယူအဆကတော့အမှားဟု တရားသေယူဆပြီး ကိုယ့်အယူဝါဒကို မစွန့်လွှတ်နိုင်ဖြစ်ကြရသည်။ တချို့မှားမှန်းသိသည့်တိုင် မချွတ်နိုင်၊ မကျွတ်နိုင်ကြ။ အစွဲကြီးလွန်းတော့ အမှန်ဘက်သို့ မရုန်းထွက်နိုင်ဖြစ်ကြရသည်။ အသိတွေ အမှောင်ဖုံးတော့ အမှားတွေ ကျူးလွန်ကြတော့သည်။ ထို့ကြောင့် ဒီဘက်ခေတ်တွေမှာ သီလ၊ သမာဓိ၊ ပညာ နည်းသည်ထက်နည်းလာကြပြီး အသက်တွေသတ်ကြ၊ ဖြတ်ကြရမှာ ဝန်မလေး၊ စင်စင်ကြယ်ကြယ် အသက်မွေးခြင်းမရှိ၊ ကိုယ့်ဥစ္စာမဟုတ်လည်း မတရားယူကြ၊ မှားယွင်းတဲ့ကာမဂုဏ်မှာလည်း လွန်ကျူးပျော်ပါးကြ၊ အကျိုးမရှိ လိမ်ညာကြ၊ ကဲ့ရဲ့ကြ၊ ကုန်းတိုက် သိမ်ဖျင်းကြမ်းတမ်း အကုန်ပြောပြီး မူးယစ်ရမ်းကား ဒုစရိုက်မှု အကုန် အမှားကြီးမှားမိကြတော့သည်။

### ဆရာအတင်မှားမိသည်၏အဖြစ်

ခေတ်သစ်မှာ လူတို့၏မှောက်မှားခြင်းတချို့သည် ယုံကြည်မှုမှား၊ ကိုးကွယ်မှုမှား၊ အယူမှားခြင်းများကြောင့်ဖြစ်ကြရသည်ကို ယခုလို တန်ဆောင်မုန်းလအခါသမယ ကြုံကြိုက်ခိုက်မှာ မြတ်စွာဘုရားရှင်ပွင့်ဆဲလက်ထက် ဘုရင်ဗိမ္ဗိသာရမင်း၏သားတော် အဇာတသတ်မင်းသား၏ အတိတ်အကြောင်းအရာနှင့်ဆက်စပ်၍ ထုတ်နုတ်သုံးသပ် သင်ခန်းစာယူသင့်ကြပါသည်။ အားလုံးကြားဖူး နာယူဖူးကြသည့်အတိုင်း အဇာတသတ်မင်းသားသည် ဘုရားကို အထင်လွဲ၊ သံဃာသင်းခွဲရန်အကြံရှိသည့် ဈာန်အဘိညာဉ်ရပြီးသော ဒေဝဒတ်ကိုမှ အထင်ကြီးပြီး ဆရာအတင်မှားမိသည်။ ငယ်လည်းငယ်၊ ဉာဏ်ပညာကလည်းနည်း၊ မောက်လည်းမောက်မာလွန်းသည့်အခါ ဆရာညွှန်ကြား အယုံသွင်းသည့်အတိုင်း သူ၏ဖခင်ကို သူကိုယ်တိုင်သတ်သည့်အမှုကို ကျူးလွန်မိခဲ့သည်။ သတ်ရသည့်အကြောင်းကို ဆန်းစစ်သော် ဖခင်ဘုရင်၏ စည်းစိမ်နှင့် အာဏာကို မက်လွန်းမကမက်သည့် ကိုယ်ကျိုးအတ္တ၊ ဆရာဒေဝဒတ်ကဲ့သို့ ဖန်ဆင်းအစုံ တန်ခိုးအစုံအစုံကို အလိုရှိခြင်း၊ အရွယ်နုပျိုစဉ်မှာ တက်ကြွသော မာန်ယစ်မှု၊ လက်နက်အားကိုးပြီး မူလဗီဇကိုက သတ်ချင်ဖြတ်ချင်သည့်စိတ်၊ ယုံကြည်လွယ်၍မှားသော အယူရှိခြင်းသည်ပင် အရင်းခံအကြောင်းတရားများ ဖြစ်လာရသည်။ တပ်မက်ခြင်းလောဘကြောင့် လိုချင်တာမရသည့်အခါ ဒေါသကြောင့် အကုသိုလ်အမှုကြီး ကျူးလွန်မိခြင်းပင် ဖြစ်တော့သည်။

### ကြီးမားလွန်းသည့် အကုသိုလ်ကံတွေကြောင့်

သတ္တဝါအားလုံးတို့အတွက် မိတ်ဆွေကောင်း သဖွယ်ဖြစ်သော ကလျာဏမိတ္တ ဘုရားရှင်အား လုပ်ကြံပြစ်မှားခြင်း၊ ကျေးဇူးရှင်ဖခင်အား သတ်မိခြင်းအကုသိုလ်များကား ကြီးမားလွန်းလှသည်။ ဆရာကောင်းသဖွယ်ဟန်ဆောင်၍ မူလကုသိုလ်အမြစ်ကို ဖျက်ဆီးမိသည့် ဒေဝဒတ်၏ အကုသိုလ်ကံကလည်း မသေးလှ။ ထိုအကုသိုလ်ကံအကျိုးပေးကြောင့်ပင် သွေးအန်၊ မြေမျို၊ မလှမပ ဘဝဆုံးရသည့် ဒေဝဒတ်၏ဘဝ၊ ဆရာအတင်မှား အသုံးချခံဘဝမှာ ဖခင်ဘုရင်ကို သတ်မိသည့် အဇာတသတ်၏ ငရဲပြည်လားရသည့်ဘဝများသည် သံဝေဂယူစရာများပင် ဖြစ်တော့သည်။ သို့သော် အဇာတသတ်တွင် ပြုမိဖူးသည့် ကောင်းမှုကုသိုလ်များကြောင့် မဟာအဝီစိငရဲကျရမည့်အစား ပို၍ပေါ့ပါးသည့် ကုမ္ဘီငရဲသို့သာ လားရသည့်အဖြစ်ကို ကြည့်ခြင်းဖြင့်လည်း ယခုဘဝမှာ ကုသိုလ်ကောင်းမှုတစ်ခုခုကို ကြိုးစားပြုခဲ့လျှင်၊ လုပ်လျှင်လုပ်သလောက် အကျိုးပေးကောင်းပါကြောင်း သုံးသပ်မိပြန်သည်။ သေလွန်ပြီး ငရဲပြည်မသွားခင် ကုသိုလ်ကောင်းမှုပြုဖြစ်ခြင်း အကြောင်းကလည်း မှန်ကန်သောအယူကို ရှာဖွေနိုင်ခြင်းနှင့် ဆရာကောင်း၊ ဆရာမှန်ကို အချိန်မီ ဆရာတင်ခဲ့ခြင်းက အရင်းခံဟု သုံးသပ်နိုင်ပါသည်။

တကယ်တော့ ဒေဝဒတ်ရော အဇာတသတ်ပါ ချမ်းသာရာကို ရှာခဲ့ကြသော်လည်း ဆင်းရဲခြင်းကိုသာ ရခဲ့ကြခြင်းဖြစ်သည်။ အဇာတသတ်ခမျာ ဖခင်ကိုသတ်မိခဲ့သည့် အကုသိုလ်ကံကြီးကြောင့် သေတာထက်ဆိုးသည့် စိတ်ကျဝေဒနာ၊ တွေတွေဝေဝေသေရမည်ကို ထိတ်လန့်ပြီး ငရဲပြည်ရောက်ရတော့မည်ဟူသော စိုးရိမ်မှုသောက၊ အိပ်မက်ဆိုးများနှင့် အိပ်မပျော်နိုင်ရှာသော၊ အိပ်ရမည်ကိုပင် ကြောက်နေရရှာသော ဝေဒနာအပူမီး၊ ထိုမီးများကား ငရဲမီးကဲ့သို့ ပူပြင်းလှပါသည်။ အသက်ရှင်နေရသော်လည်း အပြစ်တို့ဖြင့်သာ ပြည့်နှက်နေတော့သည်။

သီလနည်းခဲ့၍ ပရိသတ်အလယ် ကြောက်ရွံ့ခြင်း ကင်းကင်းနှင့် စိတ်ကြည်လင်ရွှင်ပျခြင်းအကျိုးကို အဘယ်မှာလျှင် ရနိုင်ပါမည်နည်း။ ဆရာအမှားနှင့် မိတ်ဆွေအတုကို ပေါင်းမိခဲ့သည့် အယူမှားနောင်တကို ဖြေဆည်မဆုံးနိုင်တော့၊ ထိုဝေဒနာကို အမြန်ပျောက်ကင်းလိုလှ၍ ကယ်တင်ရှင်မျိုးစုံကိုသာ ရှာဖွေမိတော့သည်။ သို့သော် မူလတွေ့သမျှ နာယူမိသမျှ တိတ္ထိဆရာအားလုံး၏ အဖြေကား မရေရာ ဇဝေဇဝါအခြေအနေမှာ လိုချင်သောအဖြေကိုမူ ဘယ်လိုမှ ရှာဖွေမတွေ့နိုင်ခဲ့ပါ။

### ကလျာဏမိတ်ဆွေအစစ်ထံမှ

သို့သော် အဇာတသတ်မင်းကြီးမှာ နောက်ဆုံး၌ အမှန်ကိုရှာတွေ့လိုသည့် ကုသိုလ်ဇောအရှိန်ကြောင့် အမှန်လမ်းစအကြံပေးစွမ်းသော သမားတော်ကြီးဆရာဇီဝကမှတစ်ဆင့် ကလျာဏမိတ်ဆွေ ဘုရားရှင်ကို တွေ့ထိဖူးမြော် နာယူခွင့်ရလိုက်ပါပြီ။ သူတစ်ပါးကို နက်နဲသောတရားစကားဖြင့် ဆုံးမတတ်သော ဆရာကောင်း၊ ဆရာမြတ်နှင့် တွေ့ရပြီဆိုမှတော့ အဆုံးအမကို ကောင်းစွာခံယူနိုင်သော တပည့်ကောင်းတစ်ဦးလည်း ဖြစ်ခဲ့ရပါပြီ။ ရာဂနှင့် သဒ္ဓါသည် ဂုဏ်ချင်းနီးပြီး သဘောသဘာဝချင်း တူညီကြသည်ဟု မှတ်သားဖူးသည်ဖြစ်ရာ မင်းကြီး အဇာတသတ်အဖို့ ရာဂစရိုက်ဖြင့် အကုသိုလ်များကို သိမ်မွေ့နူးညံ့ မကြမ်းတမ်းလွန်းဘဲ ကျူးလွန်ခဲ့၍ ထင်သည်၊ သဒ္ဓါအားကြီးလာတော့လည်း ကုသိုလ်အားက သာလွန်သွားခြင်းဖြစ်မည်ဟု သုံးသပ်မိပါသည်။ ရာဂစရိုက်ဖြင့် အကျိုးစီးပွားကို မစွန့်နိုင်ခဲ့သော်လည်း အားကြီးသောသဒ္ဓါဖြင့် သီလဂုဏ်ကို ရှာနိုင်ခဲ့ခြင်းလည်း ဖြစ်ပါသည်။

ဘုရားရှင်ထံတွင် အဇာတသတ်မင်းကြီး လျှောက်ထားမေးမြန်းခြင်း၊ မှတ်သားနာယူခြင်း အကျိုးရလဒ်ကား ကြီးမားလှပါသည်။ ယခုလို တန်ဆောင်မုန်းလပြည့် သာမညဖလအခါတော်နေ့တွင် အေးချမ်းလှပ လပြည့်ညတစ်ည၏အရသာကို “သာမည”– ရဟန်းပြုခြင်း၏ “ဖလ”–အကျိုးကျေးဇူးမည်သော သာမညဖလသုတ်တော်နှင့်အတူ ဘုရားရှင်ထံတွင် ရဟန္တာဖြစ်လာပုံ၊ တရားကို ပြည့်ပြည့်စုံစုံ နာယူခွင့်ရခဲ့ပါပြီ။ ဘုရားရှင်ကြောင့် ငြိမ်းချမ်းမှုနှင့်အတူ မိမိ၏ကြီးလေးသောအပြစ်များကို ကုစားနိုင်ခဲ့ပါပြီ။ ဖခင်ကိုမသတ်မိလျှင် သောတာပန်ဟူသော အရိယာ၊ သတ်မိတော့လည်း ငရဲဘဝ၊ ဘုရားရှင်နှင့်တွေ့ပြီး ဝိဇိတာဝီပစ္စေကဗုဒ္ဓါအဖြစ် ရောက်ရမည်ဆိုတော့လည်း သံဝေဂယူဆင်ခြင်စရာတွေအပြည့်။ တရားနာခွင့်ရခြင်း၊ ရတနာသုံးပါးကို အလေးအနက်ယုံကြည်သွားခြင်း၊ ဖခင်သတ်မိသော အကုသိုလ်ကြောင့် မိမိမှာ ရဟန်းပြုခွင့်မရခဲ့သော်လည်း သားဖြစ်သူအား သာသနာ့ဘောင်သို့ သွတ်သွင်းနိုင်ခဲ့ခြင်း၊ ဘုရားဒါယကာခံယူ၍ ကိုယ်တိုင်ပထမသင်္ဂါယနာတင်ခွင့်ရခြင်း၊ ဓာတ်တော်မွေတော်များကို စုဆောင်းလက်ဆင့်ကမ်း အမွေပေးနိုင်ခြင်း၊ ဗုဒ္ဓသာသနာနှစ်ကို

စာမျက်နှာ ၉ သို့ ☆

> **“အဇာတသတ်တွင် ပြုမိဖူးသည့် ကောင်းမှုကုသိုလ်များကြောင့် မဟာအဝီစိငရဲကျရမည့်အစား ပို၍ပေါ့ပါးသည့် ကုမ္ဘီငရဲသို့သာ လားရသည့်အဖြစ်ကို ကြည့်ခြင်းဖြင့်လည်း ယခုဘဝမှာ ကုသိုလ်ကောင်းမှုတစ်ခုခုကို ကြိုးစားပြုခဲ့လျှင်၊ လုပ်လျှင်လုပ်သလောက် အကျိုးပေးကောင်းပါကြောင်း သုံးသပ်မိပြန်သည်။ သေလွန်ပြီး ငရဲပြည်မသွားခင် ကုသိုလ်ကောင်းမှုပြုဖြစ်ခြင်းအကြောင်းကလည်း မှန်ကန်သောအယူကို ရှာဖွေနိုင်ခြင်းနှင့် ဆရာကောင်း၊ ဆရာမှန်ကို အချိန်မီဆရာတင်ခဲ့ခြင်းက အရင်းခံဟု သုံးသပ်နိုင်”**

# ရေဘေးဒဏ်ခံစားခဲ့ရသည့် လှည်းကူးမြို့နယ် စာရေးဆရာအသင်းဝင်များအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ထံမှ လှူဒါန်းသည့် ထောက်ပံ့ငွေများ ပေးအပ်ပွဲအခမ်းအနား ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၄**

ရေဘေးဒဏ်ခံစားခဲ့ရသည့် လှည်းကူးမြို့နယ် စာရေးဆရာအသင်းဝင်များအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ထံမှ လှူဒါန်းသည့် ထောက်ပံ့ငွေများ ပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် ဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး တရားသူကြီးချုပ်၊ မြန်မာနိုင်ငံစာရေးဆရာအသင်း ဥက္ကဋ္ဌ ဦးအုန်းမောင်(မြင်းမူ မောင်နိုင်မိုး)နှင့် အဖွဲ့ဝင်များ၊ လှည်းကူးမြို့နယ် စာရေးဆရာအသင်းဝင်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးဦးမောင်မောင်အုန်းက ရေဘေးဒဏ်ခံစားခဲ့ရသည့် လှည်းကူးမြို့နယ် စာရေးဆရာအသင်းဝင်များအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လှူဒါန်းသည့်ငွေများကို ယနေ့ပေးအပ်ခြင်းဖြစ်ပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ဘက်ပေါင်းစုံမှ နေ၍ တိုင်းပြည်တည်ငြိမ် အေးချမ်းရေးနှင့် ဒေသအတွင်း လူမှုစီးပွားဘဝ မြင့်မားတိုးတက်ရေးတို့အတွက် လုပ်ငန်းစဉ်များ ချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က လှူဒါန်းသည့် ထောက်ပံ့ငွေများအား ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ပေးအပ်ရာ လှည်းကူးမြို့နယ် စာရေးဆရာအသင်းဝင်များကိုယ်စား တာဝန်ရှိသူတစ်ဦးက လက်ခံရယူစဉ်။

နိုင်ငံတော်က စာပေလောကသားများ၊ စာပေပညာရှင် စာရေးဆရာကြီးများအား တတ်စွမ်းသရွေ့ ကြည့်ရှု စောင့်ရှောက်ပေးလျက်ရှိပါကြောင်း၊ လက်ရှိဖြစ်ပွားနေသည့် ရှမ်းပြည်နယ် မြောက်ပိုင်း ကိစ္စရပ်များတွင် သတင်းတု၊ သတင်းမှားများကြောင့်၊ တိုင်းရင်းသားပြည်သူများ ပိုမိုဒုက္ခရောက်စေမည့် ဘေးမှ ကင်းဝေးနိုင်စေရေးအတွက် စာပေပညာရှင် စာရေးဆရာကြီးများက မိမိတို့ နားလည်တတ်ကျွမ်းသည့် စာပေကလောင်စွမ်းအားဖြင့် နိုင်ငံနှင့် လူမျိုးအတွက် သတင်းတု၊ သတင်းမှားများကို တိုက်ထုတ်ချေဖျက်၍ သတင်းမှန်များ ဖော်ပြရေးသားပေးကြစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် ရေကြီးနစ်မြုပ်စဉ်ကာလအတွင်း ထောက်ပံ့မှုများ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ပြီး ကူညီမှုများ ဆောင်ရွက်ပေးခဲ့ပါကြောင်းနှင့် နောင်တွင် ရေကြီးနစ်မြုပ်ဒဏ်မှ ကာကွယ်ရန် ဆောင်ရွက်ထားရှိမှု အခြေအနေများကို ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံမှ လှူဒါန်းသည့် ထောက်ပံ့ငွေများကို ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ပေးအပ်ရာ လှည်းကူးမြို့နယ် စာရေးဆရာအသင်းဝင်များကိုယ်စား တာဝန်ရှိသူတစ်ဦးက လက်ခံရယူသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက ထောက်ပံ့ငွေများ ပေးအပ်သည်။

ယင်းနောက် လှည်းကူးမြို့နယ် စာရေးဆရာအသင်းဥက္ကဋ္ဌက ကျေးဇူးတင်စကား ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

# အိမ်ထောင်စုစာရင်း မရှိသူများ၊ နိုင်ငံသားကတ် မရှိသေးသူများကို ပန်းခင်းစီမံချက်ဖြင့် အမြန်ဆုံးဆောင်ရွက်ပေးကြရန်လို

**နေပြည်တော် နိုဝင်ဘာ ၂၄**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိသည့် ပန်းခင်းစီမံချက်နှင့် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးလုပ်ငန်း၊ နိုင်ငံသားကတ်ပြား ထုတ်ပေးခြင်း မှတ်ပုံတင်စာအုပ် (နိုင်-၄) မှတ်တမ်းနှင့် အိမ်ထောင်စုလူဦးရေစာရင်း အချက်အလက်များ e-ID Server အတွင်း ဖြည့်သွင်းခြင်းလုပ်ငန်း ဆောင်ရွက်မှု အခြေအနေများနှင့်ပတ်သက်၍ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီက နေပြည်တော်ရှိ အဆိုပါ ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အစည်းအဝေးသို့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့ အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးငြေးလှိုင်၊ အမြဲတမ်းအတွင်းဝန် ဦးဝင်းဇော်အောင်၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး တိုင်းဒေသကြီး၊ ပြည်နယ်ဦးစီးမှူးများက သက်ဆိုင်ရာဒေသများမှ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးက မဲဆန္ဒရှင်စာရင်း မှန်ကန်ရေးအတွက် မြေပြင်တစ်အိမ်တက်ဆင်း ကွင်းဆင်း စာရင်းကောက်ယူရေး လုပ်ငန်းကို ပြီးခဲ့သည့် ဇန်နဝါရီလအတွင်းက တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်ခဲ့ပြီး ကောက်ယူရရှိသည့် အချက်အလက်များကို မြို့နယ်ရုံးများရှိ မှတ်တမ်းများဖြင့် တိုက်ဆိုင်စိစစ်၍ ရုံးချုပ်ရှိ e-ID Server အတွင်း စိစစ်ဖြည့်သွင်း ဆောင်ရွက်လျက်ရှိရာ တွေ့ရှိချက်များအရ ဖြေရှင်းဆောင်ရွက်ရမည့် လုပ်ငန်းပမာဏ များပြားနေသည့်အတွက် ပြန်လည်စိစစ်သုံးသပ်ကာ အမှန်တကယ် အိမ်ထောင်စုစာရင်း မရှိသူများ၊ နိုင်ငံသားကတ် မရှိသေးသူများကို ပန်းခင်းစီမံချက်ဖြင့် ဆောင်ရွက်၍ အမြန်ဆုံးဆောင်ရွက်ပေးကြရန် လိုကြောင်း၊ ယင်းစာရင်းများသည် တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် အရေအတွက် ပမာဏများစွာရှိနေသည့်အတွက် တာဝန်ရှိသူအဆင့်ဆင့်က စနစ်တကျစိစစ်၍ ထိထိရောက်ရောက် ကြပ်မတ်ဆောင်ရွက်ပေးကြရမည် ဖြစ်ပါကြောင်း။

တိုင်းဒေသကြီး၊ ပြည်နယ် ဦးစီးမှူးများအနေဖြင့် လုပ်ငန်းများကို တာဝန်ယူမှု၊ တာဝန်ခံမှုဖြင့် အဆင့်ဆင့်ကြပ်မတ် ကွပ်ကဲကြရန် အရေးကြီးပါကြောင်း၊ အောက်ခြေ ဝန်ထမ်းများ၏ တွေ့ကြုံရသည့် အခက်အခဲများကိုလည်း မေးမြန်းဆွေးနွေးကာ လိုအပ်ချက်များကို ဖြည့်ဆည်းပေးကြရန်နှင့် အထက်ဌာနအဆင့်ဆင့်သို့ ဆက်လက်တင်ပြကြရန် လိုကြောင်း၊ လုပ်ငန်းများ၏ အရေးပါမှုကို သိရှိနားလည်ကြပြီး အချိန်မီပြီးစီးနိုင်ရေး ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရန်လိုကြောင်း ရှင်းလင်းပြောကြားသည်။




ယင်းနောက် အမျိုးသားမှတ်ပုံတင်နှင့် နိုင်ငံသား ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထိန်ဝင်းက တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် ဆောင်ရွက်ရမည့် လုပ်ငန်းပမာဏအလိုက် ဆောင်ရွက်ပြီးစီးမှုနှင့် ဆောင်ရွက်ရမည့်နည်းလမ်းများ၊ လုပ်ငန်းလိုအပ်ချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးမှုကို လည်းကောင်း၊ အီလက်ထရောနစ် မှတ်ပုံတင်စနစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းဟိန်းက မြို့နယ်ရုံးများရှိ အိမ်ထောင်စု လူဦးရေစာရင်းနှင့် ကိုင်ဆောင်ကတ်ပြားထုတ်ပေးမှုများမှ အချက်အလက်များကို e-ID Server သို့ ဖြည့်သွင်းစိစစ်ဆောင်ရွက်နေမှု၊ Biographic / Biometric ကောက်ယူဆောင်ရွက်နေမှုနှင့် စက်ကိရိယာများ စနစ်တကျကိုင်တွယ်ထိန်းသိမ်းရေးကို လည်းကောင်း ရှင်းလင်းဆွေးနွေးတင်ပြကြပြီး တိုင်းဒေသကြီး၊ ပြည်နယ်ဦးစီးမှူးက လုပ်ငန်းဆောင်ရွက်နေမှုနှင့် တွေ့ကြုံရသည့်အခက်အခဲများ၊ ဖြည့်ဆည်းပေးရန် လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးကာ နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

☆ စာမျက်နှာ ၈ မှ

အတိအကျသတ်မှတ်နိုင်ခဲ့ခြင်း၊ ဘုရားဟောပိဋကတ်တော်များအား မပျောက်ပျက် မပျက်စီးနိုင်ရန် နောင်လာနောက်သား ဗုဒ္ဓဘာသာဝင်များ အစဉ်အဆက် ထိန်းသိမ်းစောင့်ရှောက်နိုင်ရန် ကျေးဇူးပြုခဲ့ခြင်း ဂုဏ်ကျေးဇူးများကား ကြီးမားလွန်းသဖြင့် ကျေးဇူးအထူးတင်မိပါသည်။ အဇာတသတ်မင်းကြီး၏ကျေးဇူးကြောင့် ဗုဒ္ဓဘာသာကို အသိအမှတ်ပြုခွင့်ရ၊ စောင့်ရှောက်ခွင့်ရခြင်းသည်ပင် ကျွန်တော်တို့အားလုံးမှာ ကုသိုလ်ကေန်ဖြစ်ခဲ့ရပါပြီ။

အချုပ်အားဖြင့်တော့ ဘဝမှာယူတတ်လျှင် အမှားကိုပယ်၊ အမှန်ကိုယူနိုင်မည့် အဖိုးတန်ရာ တရားများစွာရှိပါသည်။ လောကမှာ လောဘကြီးတာလည်း မကောင်း၊ ဒေါသကြီးလွန်းတာလည်း မကောင်းပါ။ လောဘကို လောဘဖြစ်မှန်းမသိ၊ ဒေါသကိုဒေါသဖြစ်မှန်းမသိဖြစ်ရသော မောဟကြောင့်ဆိုလျှင် ပိုပြီးဆိုးရွားမှုများ တွေ့ကြုံနိုင်သည်ကို နားလည်ပြီးလည်း ဖြစ်ကြပါသည်။ လောဘ၊ ဒေါသ၊ မောဟအခြေခံ အကုသိုလ်ခြံရံ၍ တစ်ဦးအပေါ် တစ်ဦး အနိုင်မယူချင်ကြစေဘဲ တရားမျှတမှုကို အခြေခံ၍သာ အနိုင်ယူစေချင်ပါသည်။

သဒ္ဓါ၊သတိ၊ ဟီရိဩတ္တပ္ပ၊အကြားအမြင်များခြင်း၊ ဗာဟုသစ္စ၊ ဝီရိယ၊ ပညာတို့ဖြင့်ပြီးစေမည့် သီလများကို ဆောက်တည်လျက် တန်ဆောင်မုန်းလ အခါသမယဝယ် ကြည်နူးဖွယ်ရာ လပြည့်ညများကို အေးအေးချမ်းချမ်းခံစားနိုင်ကြပါစေဟု ဆုတောင်းပေးချင်သည်။ တစ်ဦးနှင့်တစ်ဦး မှန်ကန်သော ဉာဏ်အမြင်ဖြင့် ယုံမှားသံသယများကင်းပျောက်ပြီး မြင့်မြတ်သော အသက်မွေးမှုဖြင့်လည်း အရာရာကို စင်ကြယ်စေလိုပါသည်။

ပါရမီရင့်သန်သူများအတွက် ကိလေသာအရှုပ်အထွေးကို ရှင်းထုတ်နိုင်မည့်သီလဖြင့် အပါယ်လေးဘုံ၊ စိတ်ကိုညွှန်ပြသည့်သမာဓိဖြင့် ကာမဆယ့်တစ်ဘုံ၊ ကမ္မဇပညာဝိပဿနာပညာ ပါရိဟာရိကဆိုသည့် ထက်ဝန်းကျင်အလုံးစုံစင်ကြယ်သည့် ပညာအားလုံးပါစုံလျှင် အလုံးစုံသော သုံးဆယ့်တစ်ဘုံအထိ လွန်မြောက်နိုင်သည်ဟုလည်း ဘုရားရှင်က ဆိုထားပြီးဖြစ်လေရာ... အားထုတ်မှုဟူသော ဝီရိယပါ စိုက်လိုက်လျှင် အပါယ်ဆင်းရဲမှ လွတ်ကြမှာ သေချာပါသည်။ သို့မှသာ လက်ရှိပစ္စုပ္ပန်မှာပင် မိမိအတွက်ရော အများအတွက်ပါ အမှန်အေးချမ်း သာယာလာမှာဖြစ်သလို တည်ငြိမ်သည့် ပတ်ဝန်းကျင်ကောင်းတစ်ခုအဖြစ်ကိုလည်း ရမည်မလွဲ ငြိမ်းချမ်းမှုသည် ဧကန်သေချာ ဖြစ်လာပါတော့မည်။ ။

# ပြည်သူတွေ စိုးရိမ်ပူပန်မှုလွန်ကဲပြီး ငွေများကို လိုသည်ထက် ပိုမိုထုတ်ယူကာ လက်ဝယ်ထားရှိခြင်းကြောင့် လုယက်၊ ခါးပြတိုက်ခြင်းများ ခံရနိုင်ပြီး မိမိတို့ ငွေများဆုံးရှုံးနိုင်တဲ့အခြေအနေမျိုး ဖြစ်ပေါ်နိုင်

**ဘဏ်များတွင် ဘဏ်လုပ်ငန်းဝန်ဆောင်မှုများ ပုံမှန်အတိုင်း ဆောင်ရွက်လျက်ရှိခြင်းနှင့်ပတ်သက်၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာလင်းအောင်နှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ တွေ့ဆုံမေးမြန်းထားသည်များကို ဖော်ပြလိုက်ပါသည်-**

**မေး။ ။ ဒီရက်ပိုင်းအတွင်း ဘဏ်တွေရှေ့မှာ ပြည်သူတွေ ငွေထုတ်ယူနိုင်ဖို့အတွက် တန်းစီနေတာ နေရာတော်တော်များများမှာ တွေ့ရပါတယ်။ ဘာကြောင့်လို့ ပြောချင်ပါသလဲ။**

**ဖြေ။** ။ လတ်တလောဖြစ်ပေါ်နေတဲ့အခြေအနေတွေကို အခွင့်ကောင်းယူပြီး နိုင်ငံတော်တည်ငြိမ်အေးချမ်းသာယာမှုနဲ့ စီးပွားရေးတည်ငြိမ်မှုကို မလိုလားတဲ့ သတင်းမီဒီယာများ၊ အကြမ်းဖက်အုပ်စုများနဲ့ ၎င်းတို့ကို ထောက်ခံအားပေးသူများက လူမှုကွန်ရက်စာမျက်နှာများမှာ သတင်းတု၊ သတင်းအမှားများကို လှုံ့ဆော်ရေးသားမှုတွေ ဆက်တိုက်ပြုလုပ်နေခဲ့ပြီး ယင်းသတင်းများအနက် နယ်ဘဏ်ခွဲအချို့မှာ လက်နက်ကိုင်အကြမ်းဖက် သောင်းကျန်းသူများက အကြမ်းဖက် တိုက်ခိုက်လုယက်ဖျက်ဆီးမှုတွေကို အခွင့်ကောင်းယူပြီး အဆိုပါသတင်းတွေကို ဓာတ်ပုံများနဲ့တကွဖော်ပြပြီး ပြည်သူတွေက ဘဏ်များမှ ငွေထုတ်ယူလို့မရတော့သယောင် သွေးထိုးလှုံ့ဆော်ရေးသားမှုတွေကြောင့် ပြည်သူများ စိုးရိမ်ပူပန်မှုမြင့်တက်ပြီး ဘဏ်များမှငွေတွေကို လိုသည်ထက်ပို၍ ထုတ်ယူနေခြင်းဖြစ်တယ်လို့ ပြောကြားလိုပါတယ်။

**မေး။ ။ အခုလတ်တလောအခြေအနေတွေအရ ဗဟိုဘဏ်အနေနဲ့ ဘဏ်တွေမှာ အများပြည်သူ ငွေသားထုတ်ယူမှုအပေါ် ကန့်သတ်လိုက်ပြီဆိုတာ ဟုတ်ပါသလား။**

**ဖြေ။** ။ မဟုတ်ပါဘူး။ ပြည်သူတွေရဲ့ အပ်နှံငွေအပေါ် ငွေထုတ်ယူနိုင်ဖို့အတွက် ဘဏ်တွေက ဆောင်ရွက်ပေးလျက်ရှိပါတယ်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ကလည်း ပြည်သူမှအပ်နှံထားတဲ့ ငွေများ အဆင်ပြေပြေထုတ်ယူနိုင်ရေးအပေါ် ပံ့ပိုးကူညီပေးလျက်ရှိပါတယ်။

**မေး။ ။ Special Account တွေကနေ အချိန်မရွေး ငွေကြိုက်သလောက် ထုတ်ယူနိုင်တယ်လို့ နားလည်ထားပါတယ်။ ဒီရက်ပိုင်း Special Account တွေကို ငွေထုတ်ယူမှုကန့်သတ်လိုက်ကြောင်း သတင်းတွေထွက်ပေါ်နေပါတယ်၊ မှန်ပါသလား။ မြေပြင်မှာ ငွေသွားထုတ်တဲ့အခါမှာ တန်းစီနေရပြီး ကိုယ့်အလှည့်ရောက်တဲ့အခါမှာ လိုချင်သလောက်မရခြင်း၊ နောက်ရက်မှလာထုတ်ဖို့ ထပ်မံချိန်းဆိုခြင်းတွေ ကြုံတွေ့နေရတဲ့အပေါ် ဘာများပြောချင်ပါသလဲ။**

**ဖြေ။** ။ အပ်နှံငွေရဲ့အနေအထားအရ New Account (Special Account) ဆိုရင် ငွေသားထည့်သွင်းခဲ့တဲ့ပမာဏအတိုင်း ငွေသားထည့်သွင်းခဲ့တဲ့ ဘဏ်တွေမှာ ပြန်လည်ထုတ်ယူနိုင်ပါတယ်။ ငွေထုတ်ယူသူများရင် ဘဏ်အနေနဲ့ ၎င်းတို့ရဲ့ ငွေသိုလှောင်ခန်း အကျယ်အဝန်းပေါ်မူတည်ပြီး ငွေသားများထားရှိရတဲ့အတွက် ထုတ်ပေးဖို့ ငွေပမာဏကို စီစဉ်ဖို့လိုအပ်တာကြောင့် မိမိငွေထုတ်ယူလိုတဲ့ပမာဏကို ဘဏ်ကို ကြိုတင်အသိပေးအကြောင်းကြားထားရင် အဆင်ပြေမှာဖြစ်ပါတယ်။

**မေး။ ။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ရဲ့ သတင်းထုတ်ပြန်ချက်တွေမှာ ငွေထုတ်ကန့်သတ်ချက်မထားရှိဘဲ ငွေသားထုတ်ပေးခြင်းတွေကို ဆောင်ရွက်ပေးလျက်ရှိတယ်လို့ ပါရှိပေမယ့် လက်တွေ့သွားရောက်ထုတ်ယူတဲ့အခါမှာ အချို့ပုဂ္ဂလိကဘဏ်တွေမှာ ကန့်သတ်ချက်တွေရှိနေလို့ ဒီအပေါ်မှာ ဘာများပြောကြားလိုပါသလဲ။**

**ဖြေ။** ။ အများပြည်သူအနေနဲ့ မိမိအပ်နှံထားတဲ့ အပ်နှံငွေအမျိုးအစားအပေါ်မူတည်ပြီး ဘဏ်က ငွေထုတ်ယူရာမှာ ကွဲပြားမှုများရှိနိုင်ပါတယ်။ Special Account ဆိုရင် မိမိငွေသား ထည့်သွင်းခဲ့တဲ့ ပမာဏအတိုင်း ငွေသားထုတ်ယူနိုင်ပါတယ်။ ငွေစုဘဏ်စာရင်း(Saving Account)ဆိုရင် တစ်ပတ်တစ်ကြိမ် ငွေထုတ်ယူမှု ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ စာရင်းသေအပ်ငွေ(Fixed Deposit)ဖြစ်ရင် သက်တမ်းပြည့်မယ့် အချိန်မှသာ ငွေထုတ်ယူနိုင်မှာဖြစ်ပါတယ်။ Saving Account အပါအဝင် အပ်ငွေစာရင်းအဟောင်းတွေနဲ့ပတ်သက်ရင် ဘဏ်များမှ ငွေထုတ်ယူရာမှာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ၂၀၂၂ ခုနှစ် ဧပြီလမှာ ထုတ်ပြန်ခဲ့တဲ့ ငွေသားစီမံခန့်ခွဲမှု အဆင်ပြေစေရေး အစီအစဉ်သတ်မှတ်ချက်ပါအတိုင်း ငွေသားထုတ်ယူမှုအပြင် ပြည်သူများအနေနဲ့ ဒစ်ဂျစ်တယ်နည်းလမ်းတွေဖြစ်တဲ့ မိုဘိုင်းဘဏ်လုပ်ငန်း၊ အင်တာနက်ဘဏ်လုပ်ငန်းများ၊ Account Transfer များနဲ့ ဘဏ်ဝန်ဆောင်မှုများကို အကန့်အသတ်မရှိ ဆောင်ရွက်နိုင်ပါတယ်။

**မေး။ ။ ပြည်တွင်း/ပြည်ပမီဒီယာများနဲ့ လူမှုကွန်ရက်တွေမှာ သွေးထိုးလှုံ့ဆော်မှုနဲ့ ဝိသမ လောဘသားများရဲ့ ကိုယ်ကျိုးစီးပွားရှာ သွေးထိုးမှုတွေကြောင့် ပုံမှန်ပြန်လည် လည်ပတ်နေတဲ့ ဘဏ်တွေမှာ ပြည်သူတွေ စိုးရိမ်တကြီး ငွေတွေထုတ်ပါတယ်။ ဘဏ်တွေ မပြိုလဲဖို့နဲ့ ပြည်သူတွေရဲ့ အပ်နှံငွေတွေ မဆုံးရှုံးစေဖို့ ဗဟိုဘဏ်က ဘယ်လိုအာမခံချက်တွေ ပေးဖို့ရှိပါသလဲ။**

**ဖြေ။** ။ ဗဟိုဘဏ်က အပြည့်အဝအာမခံထားပြီးဖြစ်ပါတယ်။ ၂၀၂၁ ခုနှစ်ကာလမှာ သာမက ကောလာဟလဖြစ်တိုင်း ဗဟိုဘဏ်က ပြည်သူများရဲ့ အပ်နှံငွေအပေါ် အပြည့်အဝ အာမခံရှိတာကို အကြိမ်ကြိမ်ပြောကြားခဲ့ပါတယ်။ ဘဏ်တွေက အဆိုပါအပ်နှံငွေများ ပြန်လည်ထုတ်ပေးနိုင်ဖို့ ဗဟိုဘဏ်မှာ အနည်းဆုံးထားရှိရမယ့် သီးသန့်ငွေလိုအပ်ချက်ကို အပ်နှံထားရှိလျက်ရှိရာ လက်ရှိမှာ ဘဏ်များက အနည်းဆုံးလိုအပ်ချက်ထက်ပိုပြီး ဗဟိုဘဏ်ထံ အပ်နှံထားပါတယ်။ ဒါ့အပြင် ပြည်သူလူထုကို ငွေပြန်လည်ထုတ်ပေးနိုင်ဖို့ ငွေကြေးလွယ်ကူမှုအချိုးများနဲ့လည်း စောင့်ကြပ်ထိန်းကျောင်းလျက်ရှိရာ ဘဏ်များအနေနဲ့ အပ်နှံငွေတွေ အပြည့်အဝ ပြန်လည်ထုတ်ပေးဖို့ အဆင်သင့်ရှိပါတယ်။ ဗဟိုဘဏ်အနေနဲ့ ဘဏ်တွေကို စောင့်ကြည့်ကြပ်မတ်လျက်ရှိတာကြောင့် ဘဏ်တွေအနေနဲ့လည်း အဆင်ပြေချောမွေ့စွာ သတ်မှတ်စည်းကမ်းချက်များနဲ့အညီ ဆက်လက်ဝန်ဆောင်မှုပေးလျက်ရှိတဲ့အတွက် ပြည်သူတွေ စိုးရိမ်ကြောင့်ကြမှုမရှိဘဲ ပုံမှန်အတိုင်း ဘဏ်လုပ်ငန်းဝန်ဆောင်မှုများ ဆောင်ရွက်ရန်လိုအပ်ပါတယ်။

**မေး။ ။ ဘဏ်ကငွေတွေ အလုအယက်ထုတ်အောင် ကောလာဟလတွေထုတ်ပြီး ရွှေနဲ့ ဒေါ်လာဈေးကို ဆွဲတင်နေတဲ့သူတွေကို ထိထိရောက်ရောက်အရေးယူမယ့် အစီအစဉ်များ ရှိပါသလား။**

**ဖြေ။** ။ ဘဏ်တွေမှာ ငွေကြေးခဝါချမှုဗဟိုအဖွဲ့က သတ်မှတ်ထားတဲ့ ငွေကြေး ကျပ်သန်း ၁၀၀ ထက်ကျော်လွန်ပြီး ထုတ်ယူတဲ့ ပမာဏအားလုံးကို ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့(FIU)ထံ ပေးပို့ရတယ်။ အခုငွေထုတ်များနေတဲ့သူတွေအားလုံးကို ဗဟိုဘဏ်၊ စသုံးလုံး၊ FIU တို့က အနီးကပ်ကြီးကြပ်စောင့်ကြည့်နေတာ ဖြစ်တဲ့အတွက် ဈေးကစားမှုများမှာ ပါဝင်ပတ်သက်နေရင် ထိရောက်စွာ အရေးယူသွားမှာဖြစ်ပါတယ်။

ဘဏ်တွေထံမှ ပြည်သူတွေ ငွေထုတ်ယူဖို့ လှုံ့ဆော်ရေးသား၊ ဝါဒဖြန့်နေသူတွေကိုလည်း ဥပဒေပြဋ္ဌာန်းချက်များနဲ့အညီ ဖော်ထုတ်အရေးယူပြီး ထိရောက်ဟန့်တားသော ပြစ်ဒဏ်များချမှတ်နိုင်ဖို့ တရားဥပဒေစိုးမိုးရေး အဖွဲ့အစည်းများနဲ့ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း ပြောကြားလိုပါတယ်။

**မေး။ ။ ပြည်သူတွေက စိုးရိမ်ပူပန်မှုတွေ မြင့်တက်မှုအပေါ် ဗဟိုဘဏ်အနေနဲ့ မည်သည့် သတင်းစကားပါးလိုပါသလဲ။**

**ဖြေ။** ။ မြန်မာနိုင်ငံတော် ဗဟိုဘဏ်သည် ငွေသားသုံးစွဲမှုလျှော့ချပြီး ဒစ်ဂျစ်တယ်ပေးချေမှုများ တိုးတက်စေဖို့အတွက် ဒစ်ဂျစ်တယ်ပေးချေမှုနည်းလမ်းတွေဖြစ်တဲ့ အီလက်ထရောနစ်ကတ်များဖြင့်လည်းကောင်း၊ ဘဏ်များရဲ့ မိုဘိုင်းဘဏ်လုပ်ငန်းနဲ့ မိုဘိုင်း Pay များ၊ အင်တာနက်ဘဏ်လုပ်ငန်း၊ မိုဘိုင်း Wallet များ အသုံးပြုပြီး အများပြည်သူအနေနဲ့ ဒစ်ဂျစ်တယ်နည်းလမ်းတွေ အသုံးပြုပြီး လုံခြုံစိတ်ချရတဲ့ စရိတ်စက သက်သာစွာနဲ့ အကျွမ်းတဝင် ကောင်းမွန်စွာလည်ပတ်ပြီး ငွေပေးချေမှုပြုလုပ်နိုင်ဖို့ကို ပြည်သူတွေကလည်း သုံးစွဲနေပြီး တိုးတက်မှုများလည်း နေ့စဉ်တွေ့ရှိနေရပြီ ဖြစ်ပါတယ်။ ဘဏ်စနစ်ကို ကောင်းမွန်စွာအသုံးပြုနေတဲ့ လုပ်ငန်းရှင်ကြီးများနဲ့ ကုန်သည်များသာမက ကျေးလက်ဒေသရှိ ပြည်သူများကလည်း (ဥပမာ KBZ Pay )ကို လူကြီးလူငယ်များက အကျွမ်းတဝင် အသုံးပြုနေပြီဖြစ်ပါတယ်။ လက်ရှိ ကောလာဟလနဲ့ ငွေကြေးစနစ်ကို မတည်ငြိမ်အောင် နှောင့်ယှက်နေတဲ့ အဖျက်မီဒီယာတွေကြောင့် ပြည်သူများအနေနဲ့ အဖျက်မီဒီယာများရဲ့ သွေးထိုးလှုံ့ဆော်မှုတွေကို ယုံကြည်ပြီး ငွေသားကိုင်ဆောင်မှုကို ပြန်လည်လိုက်ပါဖို့ မလိုအပ်ဘဲ ပုံမှန်အတိုင်း မိမိတို့ရဲ့ဘဏ်စနစ်နဲ့ ငွေပေးချေမှုများကို ဆက်လက်သုံးစွဲဖို့ လိုအပ်ပါတယ်။

ဘဏ်စနစ် ခိုင်မာယုံကြည်မှုရှိဖို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ဆုံးရှုံးနိုင်ခြေများကို အခြေခံပြီး စောင့်ကြပ်ကြီးကြပ်နေတဲ့အတွက် အများပြည်သူရဲ့ အပ်နှံငွေတွေ ဆုံးရှုံးမှုမရှိနိုင်ကြောင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်က အပြည့်အဝအာမခံပါတယ်။ ဘဏ်များနဲ့ ဗဟိုဘဏ်မှာ ငွေသားအလုံအလောက်ရှိကြောင်းနဲ့ မြန်မာနိုင်ငံရဲ့ ဘဏ်လုပ်ငန်းစနစ်ဟာ ဘဏ်ခွဲအချင်းချင်း ချိတ်ဆက်ဝန်ဆောင်မှုပေးတဲ့ Core Banking System ကို အသုံးပြုလျက်ရှိပါတယ်။ ဘဏ်ခွဲတစ်ခုခုရဲ့ ဝန်ဆောင်မှု အကြောင်းအမျိုးမျိုးကြောင့် ရပ်တန့်သွားရင်လည်း ပြည်သူတွေအနေနဲ့ အပ်ငွေတွေထုတ်ယူမရတော့တဲ့ အခြေအနေမျိုး ဖြစ်ပေါ်သွားမှာမဟုတ်ဘဲ နိုင်ငံတစ်ဝန်းရှိ မည်သည့်ဘဏ်ခွဲတွင်မဆို ဘဏ်လုပ်ငန်းဝန်ဆောင်မှုများ ရယူနိုင်ပြီး မိမိအပ်နှံထားတဲ့ အပ်ငွေအမျိုးအစားအလိုက် ငွေသားထုတ်ယူနိုင်ပါတယ်။

ဘဏ်များမှာ ယုံကြည်စိတ်ချစွာ အပ်နှံထားခြင်းသည် မည်သည့်အခြေအနေ၊ မည်သည့်အချိန်တွင်မဆို မိမိရဲ့ငွေပဲဖြစ်ပြီး အဆိုပါငွေများဟာ ကိန်းဂဏန်း အတိအကျ၊ ပိုင်ရှင်အမည် အတိအကျနဲ့ ရှိနေပြီး မြန်မာနိုင်ငံတော်ဗဟိုဘဏ်ရဲ့ တာဝန်ယူမှုနဲ့ အကာအကွယ်ပေးမှုအပြည့်အဝရရှိနေမှာ ဖြစ်ပါတယ်။

ယခင်အတွေ့အကြုံများအရ ကောလာဟလများကြောင့် ပြည်သူများက ဘဏ်များမှ ငွေတွေစုပြုံထုတ်ယူခဲ့မှုအပေါ် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ကောင်းမွန်စွာ စီမံထိန်းကျောင်းနိုင်ခဲ့ပြီး ဘဏ်များရဲ့ဝန်ဆောင်မှုများ ကောင်းမွန်စွာ ဆက်လက်လည်ပတ်နိုင်ခဲ့ပါတယ်။

ပြည်သူတွေ စိုးရိမ်ပူပန်မှုလွန်ကဲပြီး ငွေများကို လိုသည်ထက်ပိုမိုထုတ်ယူကာ လက်ဝယ်ထားရှိခြင်းကြောင့် လုယက်၊ ခါးပြတိုက်ခြင်းများ ခံရနိုင်ပြီး မိမိတို့ငွေများ ဆုံးရှုံးနိုင်တဲ့အခြေအနေမျိုး ဖြစ်ပေါ်နိုင်ပါတယ်။

ဘဏ်များရဲ့ ပြင်ပမှာ ငွေသားတွေ လိုသည်ထက်ပိုမိုရောက်ရှိလည်ပတ်နေခြင်းအားဖြင့် အိမ်ခြံမြေဈေး၊ ရွှေဈေး၊ ငွေဈေးကစားသူတွေရဲ့ လှည့်ကွက်မှာ ပါဝင်ခဲ့ရင် ကုန်ဈေးနှုန်းကြီးမြင့်ခြင်းတွေ ဖြစ်ပေါ်လာနိုင်ကာ ပြည်သူလူထုသာလျှင် အခက်အခဲဒုက္ခရောက်နိုင်ပြီး စီးပွားရေး၊ လူမှုရေးတည်ငြိမ်မှုကို ပျက်ပြားစေနိုင်မှာဖြစ်တဲ့အတွက် အဖျက်သမားများရဲ့ သတင်းမီဒီယာများက အခြေအမြစ်မရှိ ရေးသားဖော်ပြနေတာကို စဉ်းစားချင့်ချိန်ပြီး ပြုမူဆောင်ရွက်ဖို့လိုအပ်ကြောင်း ပြောကြားလိုပါတယ်။ ယခင်ကလို ဘဏ်များထံမှ မိမိငွေတွေကို ရာခိုင်နှုန်း တစ်ရပ်ပေးပြီး လဲလှယ်ရယူခြင်းများကို ပြန်လည်ဖိတ်ခေါ်နေသကဲ့သို့ ဖြစ်လာနိုင်ပါတယ်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဟာ နေ့စဉ် အချိန်နှင့်အမျှ ဘဏ်များရဲ့ ငွေသွင်း/ ငွေထုတ် အပ်နှံငွေအခြေအနေတွေကို စောင့်ကြည့်ထိန်းကျောင်းနေတာကြောင့် ပြည်သူလူထုအနေနဲ့ ကောလာဟလအပေါ် နားယောင်နေဖို့ မလိုအပ်ဘဲ ယုံကြည်စွာနဲ့ အများပြည်သူအကျိုးကိုကြည့်ပြီး ပူးပေါင်းဆောင်ရွက်သွားဖို့ ပြောကြားလိုပါတယ်။

လုံခြုံမှုရှိပြီး လူအများသုံးစွဲနိုင်တဲ့ ATM တွေမှာလည်း ငွေများဖြည့်တင်းပေးထားပြီး ငွေကြေးစနစ်ကို ထိန်းချုပ်ရာမှာလည်း နိုင်ငံတကာနည်းတူ စည်းမျဉ်းစည်းကမ်းအတိုင်း အသေးသုံးငွေများကို ATM များမှာ သတ်မှတ်ပမာဏအတိုင်း ထုတ်ယူနိုင်မှာဖြစ်ပါတယ်။ ဒစ်ဂျစ်တယ်နည်းလမ်းဖြင့်လည်းကောင်း၊ ပြည်တွင်းသုံး ကတ်စနစ်ဖြင့်လည်းကောင်း၊ CBM Net System ဖြင့်လည်းကောင်း တစ်ဘဏ်မှ တစ်ဘဏ် ကန့်သတ်ချက်မရှိဘဲ လွတ်လပ်စွာ ငွေလွှဲပြောင်းနိုင်ပြီး ပြည်သူများက Account Transfer နည်းများဖြင့်လည်း ငွေပေးချေမှုနည်းလမ်းများကို အကန့်အသတ်မရှိ အသုံးပြုနိုင်မှာဖြစ်ပါတယ်။

**မေး။ ။ လတ်တလောဖြစ်ပွားနေတဲ့ တိုက်ပွဲဖြစ်ပွားမှုဖြစ်စဉ်တွေမှာ ဘဏ်အချို့ကို ဝင်ရောက်တိုက်ခိုက်ပြီး ငွေကြေးကို လက်နက်ကိုင်အဖွဲ့အစည်းအချို့က သိမ်းသွားတာမျိုးရှိတယ်။ ဒီဖြစ်စဉ်မှာ ဆုံးရှုံးသွားတဲ့ ငွေကြေးတွေနဲ့ပတ်သက်ပြီး ဘယ်လိုစီမံဆောင်ရွက်သွားဖို့ရှိပါသလဲ။**

**ဖြေ။** ။ အဲဒီဖြစ်စဉ်မှာပါရှိတဲ့ ဘဏ်တွေရဲ့ Customer များက မိမိတို့ ငွေကြေးများကို အထောက်အထားများနဲ့ တင်ပြလာရင် ဘဏ်များအနေနဲ့ ထုတ်ပေးနိုင်ဖို့ စီမံဆောင်ရွက်ထားရှိကြောင်း ပြောကြားလိုပါတယ်။ ဘဏ်များမှာလည်း ၎င်းတို့ရဲ့ Customer များရဲ့ စာရင်းတွေ သိမ်းဆည်းထားပြီးဖြစ်လို့ ဘဏ်များရဲ့ မည်သည့်ဘဏ်ခွဲမဆို တိုက်ဆိုင်စစ်ဆေးဆောင်ရွက်ပေးနိုင်မှာ ဖြစ်ပါတယ်။

# ယူရီးယားမြေသြဇာ ဝယ်ယူဖြန့်ဖြူးရောင်းချရေး ဦးဆောင်ကော်မတီ အစည်းအဝေးကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂၄**

ယူရီးယားမြေသြဇာ ဝယ်ယူဖြန့်ဖြူးရောင်းချရေးဦးဆောင်ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၌ ကျင်းပသည်။



အစည်းအဝေးသို့ ယူရီးယားမြေသြဇာ ဝယ်ယူဖြန့်ဖြူးရောင်းချရေး ဦးဆောင်ကော်မတီဥက္ကဋ္ဌ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံ မြေသြဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များအသင်းနှင့် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်တို့မှ ကိုယ်စားလှယ်များ၊ ဦးဆောင်ကော်မတီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ယူရီးယားမြေသြဇာ ဝယ်ယူဖြန့်ဖြူးရောင်းချရေး ဦးဆောင်ကော်မတီအနေဖြင့် တောင်သူများ၏ စိုက်ပျိုးရေးလုပ်ငန်းများတွင် လိုအပ်သော သွင်းအားစုများကို စိုက်ပျိုးရာသီ အချိန်မီရရှိရေး၊ အရည်အသွေးပြည့်မီစွာဖြင့် ဈေးနှုန်းသက်သာစွာ ဝယ်ယူအသုံးပြုနိုင်ရေး စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထို့ပြင် မြန်မာနိုင်ငံ မြေသြဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များအသင်းနှင့် ညှိနှိုင်းပြီး သွင်းအားစုရည်ညွှန်းဈေးနှုန်းများကို ပုံမှန်ထုတ်ပြန်ပေးပြီး ရန်ကုန်အထိုင်ဈေးနှုန်း၊ ပုံမှန်ရောင်းဈေးနှုန်းများဖြင့် ရောင်းချပေးလျက်ရှိကြောင်း၊ ဆောင်းရာသီတွင် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သည့် စီမံကိန်းလုပ်ငန်းများအတွက် ယူရီးယား(အလုံးသေး) ကီလို ၅၀ တစ်အိတ်လျှင် ငွေကျပ် ၆၄၀၀၀၊ (အလုံးကြီး) ကီလို ၅၀ တစ်အိတ်လျှင် ငွေကျပ် ၇၅၀၀၀၊ ကွန်ပေါင်း ကီလို ၅၀ တစ်အိတ်လျှင် ငွေကျပ် ၁၁၅၀၀၀ နှုန်းဖြင့် ဖြန့်ဖြူးရောင်းချပေးခဲ့ပြီး လာမည့်ဆောင်းသီးနှံ စိုက်ပျိုးရေးအတွက် ရည်ညွှန်းဈေးနှုန်းများကို ထုတ်ပြန်ပေးထားကြောင်း။

အမှန်တကယ် တင်သွင်းရန် လိုအပ်သည့် တန်ချိန်ပမာဏကို ဝိုင်းဝန်းဆွေးနွေးကြစေလိုကြောင်း၊ အရည်အသွေး၊ စံချိန်စံညွှန်း အာမခံချက်ရှိရန်၊ ဈေးနှုန်းမှန်ကန်သက်သာရန်၊ လိုအပ်သည့် နည်းပညာနှင့် ဝန်ဆောင်မှုများပေးရန် စသည့် ယှဉ်ပြိုင်မှုရှိရန် လိုအပ်ကြောင်း၊ လုပ်သာကိုင်သာရှိပြီး လုပ်ငန်းရှင်နှင့် တောင်သူနှစ်ဖက်အကျိုးရှိသည့် အခြေအနေမျိုး ဖန်တီးပေးရန်လိုအပ်ကြောင်း၊ နိုင်ငံခြားငွေသုံးစွဲမှု သက်သာပြီး သွင်းကုန်အစားထိုးနိုင်မည့် အလုပ်အကိုင်ဖန်တီးပေးနိုင်သည့် တင်သွင်းထုတ်လုပ်မှုမျိုးကို စဉ်းစားသင့်ကြောင်း၊ သဘာဝမြေသြဇာထုတ်လုပ်သုံးစွဲမှုကိုလည်း မြှင့်တင်အားပေးဆောင်ရွက်ရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် ဦးဆောင်ကော်မတီအတွင်းရေးမှူးတို့က ယူရီးယားမြေသြဇာ ဝယ်ယူဖြန့်ဖြူးရောင်းချရေးလုပ်ငန်းများကို လည်းကောင်း၊ မြန်မာနိုင်ငံ မြေသြဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌက ဦးဆောင်ကော်မတီ၏ စိစစ်ထောက်ခံချက်များအရ နိုင်ငံခြားသုံးငွေ ဝယ်ယူရရှိမှု၊ သွင်းကုန်လိုင်စင်ရရှိမှု၊ တင်သွင်းရောက်ရှိမှု၊ ဖြန့်ဖြူးရောင်းချပြီးစီးမှုနှင့် ရောင်းချဈေးနှုန်းများကိုလည်းကောင်း၊ တက်ရောက်လာကြသော ဦးဆောင်ကော်မတီအဖွဲ့ဝင်များက သက်ဆိုင်ရာကဏ္ဍများအလိုက် လုပ်ငန်းဆောင်ရွက်နေမှုများကိုလည်းကောင်း ရှင်းလင်းဆွေးနွေးကြသည်။

ဆွေးနွေးမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး တောင်သူများ၏ စိုက်ပျိုးရေးကဏ္ဍအတွက် အဓိကလိုအပ်ချက်ဖြစ်သည့် ယူရီးယားမြေသြဇာနှင့် သွင်းအားစုများ အချိန်မီတင်သွင်းဝယ်ယူဖြန့်ဖြူးရောင်းချရေးသည် အရေးကြီးကြောင်း၊ ဈေးလှောင်၊ ဈေးကစားခြင်းမျိုး မရှိစေရန် သက်ဆိုင်ရာ တာဝန်ရှိသူအားလုံးက ဝိုင်းဝန်းပူးပေါင်း ကြိုးကြပ်ဆောင်ရွက်သွားရန်လိုကြောင်း ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။ **သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးမြင့်စိုး ပင်လောင်း၊ ပင်းတယ၊ ဟဲဟိုးဒေသ နွားမွေးမြူရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး



**နေပြည်တော် နိုဝင်ဘာ ၂၄**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးသည် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးဥက္ကဋ္ဌ ဦးခွန်ရဲထွေး၊ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့နံနက်ပိုင်းက ပင်လောင်းမြို့နယ် နောင်မွန်းကျေးရွာသို့ သွားရောက်ပြီး ရှမ်းပြည်နယ် သမဝါယမအသင်းစုချုပ်၏ အသင်းအချင်းချင်းပံ့ပိုးငွေဖြင့် ဆောင်ရွက်နေသော ရွှေတက်တိုး သမဝါယမအသင်း၏ နွားမွေးမြူရေးလုပ်ငန်းကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ သမဝါယမဦးစီးဌာန ပြည်နယ်ဦးစီးမှူးက အသင်းပိုင်နွားကောင်ရေ ၃၀ မွေးမြူထားရှိမှုနှင့် တိုးပွားလာမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက နွားစာအတွက် အဲဗားဂရင်းမြက်၊ နေပီယာမြက်များ တိုးချဲ့စိုက်ပျိုးရန်၊ ဒေသနွားမျိုးအပြင် နိုင်ငံခြားမျိုးများ သားစပ်ထုတ်လုပ်နိုင်ရေးအတွက် သက်ဆိုင်ရာ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် ဆက်သွယ်ဆောင်ရွက်ရန်၊ ဝက်မွေးမြူရေးလုပ်ငန်းကိုပါ တိုးချဲ့ဆောင်ရွက်၍ မျိုးကောင်းမျိုးသန့် ရရှိရေး၊ မွေးမြူရေး သမဝါယမအသင်းဖွဲ့စည်းဆောင်ရွက်ရေး မှာကြားပြီး ဒေသဦးစီးဥက္ကဋ္ဌ ဦးခွန်ရဲထွေးက ဒေသဖွံ့ဖြိုးရေးနှင့် တည်ငြိမ်အေးချမ်းရေး ကိစ္စရပ်များကို ရှင်းလင်းမှာကြားကာ လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

**လိုက်လံကြည့်ရှု**

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် နောင်တရားမြို့ရှိ နောင်တရား အာလူးစိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်း၏ သဘာဝမြေသြဇာစက်ရုံသို့ ရောက်ရှိပြီး သဘာဝမြေသြဇာ ထုတ်လုပ်ခွင့်လိုင်စင်ရရှိရေးကိစ္စ၊ ကုန်ကြမ်းရရှိရေးကိစ္စများနှင့် စပ်လျဉ်း၍ လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ပြီး စက်ရုံအတွင်း သဘာဝမြေသြဇာ ထုတ်လုပ်နေမှုကို လိုက်လံကြည့်ရှုသည်။

အဆိုပါစက်ရုံသည် ၂၀၂၂ ခုနှစ် နိုဝင်ဘာလတွင် စတင်တည်ဆောက်ခဲ့ပြီး ယခုအခါ နောင်တရား အမှတ်တံဆိပ်ဖြင့် သဘာဝမြေသြဇာများ စမ်းသပ်ထုတ်လုပ်ကာ မကွေးတိုင်းဒေသကြီး၊ ဆင်ဖြူကျွန်းဒေသမှ အာလူးစိုက်တောင်သူများအတွက် အိတ်ရေ ၂၀၀၀ နှင့် ကလောမြို့နယ် ဟဲဟိုးဒေသ အားလူးစိုက်တောင်သူများအတွက် အိတ်ရေ ၃၀၀၀ ပို့ဆောင်ပေးထားပြီးဖြစ်ကြောင်း၊ တစ်ရက်လျှင် ကီလို ၅၀ အိတ် ၈၀၀ ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ ၂၀၂၄ ခုနှစ်တွင် အိတ်ရေတစ်သိန်း ထုတ်လုပ်သွားရန် လျာထားဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယင်းနောက် နောင်တရား အာလူးစိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်းသမဝါယမအသင်း၏ အာလူး Tissue Culture မျိုးပွားရေးလုပ်ငန်းအတွက် Green House ဖြင့် စမ်းသပ်စိုက်ပျိုးထားသော သုတေသနလုပ်ငန်းကို ကြည့်ရှုအားပေးသည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးသည် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးဥက္ကဋ္ဌ ဦးအာကာလင်း၊ တာဝန်ရှိသူများနှင့်အတူ ပင်းတယမြို့နယ် သရက်ကုန်းကျေးရွာသို့ သွားရောက်ပြီး နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် ဆောင်ရွက်နေသည့် ထွန်းတောက်ကြယ် မွေးမြူရေးနှင့် အထွေထွေလုပ်ငန်းသမဝါယမ အသင်း၏ နွားကောင်ရေ ၄၄ ကောင် မွေးမြူဆောင်ရွက်နေမှု၊ ပင်းတယမြို့နယ် ဝါတရာကျေးရွာရှိ ဝါတရာ နွားမွေးမြူရေးသမဝါယမအသင်း လီမိတက်၏ နွားကောင်ရေ ၁၁၀ မွေးမြူထားရှိမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးသည် ကလောမြို့နယ် ဝါးရုံပင်ကျေးရွာရှိ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် ဆောင်ရွက်သော နေဗီယာ မွေးမြူရေးသမဝါယမအသင်း၏ ဒေသနွားကောင်ရေ ၆၂ ကောင် မွေးမြူဆောင်ရွက်နေမှု၊ စွန့်ပစ်နွားချေးများ စုဆောင်း၍ သဘာဝမြေသြဇာအဖြစ် အသုံးပြုမှု၊ သီးနှံစိုက်ခင်းများသို့ ရောင်းချပေးမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် အေးသာယာစက်မှုဇုန်ရှိ တောင်ကြီးမြို့နယ် သမဝါယမအသင်းစုပိုင် "မြမဉ္ဇူ" ဆီစက်သို့ ရောက်ရှိပြီး အသင်းအမှုဆောင်များနှင့် တွေ့ဆုံကာ စွမ်းအားပြည့်လည်ပတ်ထုတ်လုပ်ရေး၊ ကုန်ကြမ်းရရှိရေး၊ စားအုန်းဆီများ တင်သွင်းနေရမှုကို လျှော့ချနိုင်ရေးအတွက် ဆီထွက်သီးနှံ စိုက်ပျိုးရေးတို့နှင့် စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



# ဇလွန်မြို့နယ်၌ ဆောင်းနေကြာနှင့် သစ်စိမ်းမြေသြဇာ မျိုးစေ့ထုတ်စိုက်ခင်းကွင်းသရုပ်ပြပွဲ ကျင်းပ

**ဇလွန် နိုဝင်ဘာ ၂၄**

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ်တွင် ၂၀၂၃ - ၂၀၂၄ ခုနှစ် ဆီထွက်သီးနှံဆောင်းနေကြာနှင့် သစ်စိမ်းမြေသြဇာ (ပိုက်ဆံလျှော်) မျိုးစေ့ထုတ်စိုက်ခင်းတွင် စိုက်ပျိုးခြင်းကွင်းသရုပ်ပြပွဲ အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် ဖက်သောင်ကျေးရွာအုပ်စု တောင်သူဦးရွှေထူး၏လယ်မြေ၌ ကျင်းပသည်။

အယ်လ်နီညိုရာသီဥတု ဖြစ်စဉ်ကြောင့် သီးနှံအထွက်နှုန်း လျော့ကျမှု မရှိစေရေးအတွက် ပိုက်ဆံလျှော်၊ ပဲပုပ်၊ နေကြာသီးနှံ သုံးမျိုးအား သီးနှံအကန့်လိုက် စိုက်ပျိုးနည်းစနစ်ဖြင့် ဆောင်ရွက်ထားသော စံပြစိုက်ခင်းတွင် ဟသ်ာတခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်သန်းဝင်းနှင့် တာဝန်ရှိသူများ၊ ဇလွန်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းထွန်းလင်းနှင့် အဖွဲ့ဝင်များက ဆီထွက်သီးနှံဆောင်းနေကြာနှင့် သစ်စိမ်းမြေသြဇာ (ပိုက်ဆံလျှော်) မျိုးစေ့များအား ကြဲပက်စိုက်ပျိုးခဲ့ကြပြီး စက်မှုလယ်ယာဦးစီးဌာနမှ အစေ့ချကိရိယာဖြင့် ပဲပုပ်သီးနှံမျိုးစေ့ချစိုက်ပျိုးနေမှုအား ကြည့်ရှုအားပေးခဲ့ကြသည်။

**ဝေယံ(ပြန်/ဆက်)**

# ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်း ဥတ္တရသီရိမြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံး လုပ်ငန်းဆောင်ရွက်မှုအခြေအနေ ကြည့်ရှုစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၂၄

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရုံးလုပ်ငန်းဆိုင်ရာကျွမ်းကျင်မှုမွမ်းမံသင်တန်း အမှတ်စဉ် (၃/၂၀၂၃)နှင့် ဒု-ဦးစီးမှူး (စက်/လျှပ်)များ လုပ်ငန်းခွင်ဝင် မွမ်းမံသင်တန်း အမှတ်စဉ် (၁/၂၀၂၃) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိအဆိုပါဝန်ကြီးဌာန နေပြည်တော် ဗဟိုသင်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားသို့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်း၊ ဒုတိယဝန်ကြီး ဦးအေးကျော်၊ ဝန်ကြီးဌာနကြီးကြပ်မှုအောက်ရှိ ပြည်ထောင်စုဝန်ကြီးရုံး၊ ဦးစီးဌာနများနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။



အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းများ၏ အသိပညာ၊ အတတ်ပညာ တိုးပွားစေရေး မွမ်းမံသင်တန်းများ၊ အရည်အချင်းမြှင့်သင်တန်းများကို ဖွင့်လှစ်ပို့ချပေးနေခြင်းဖြစ်သဖြင့် ဝန်ကြီးဌာနအတွက် အထောက်အကူပြုနိုင်မည့် ဝန်ထမ်းကောင်းများ ပေါ်ပေါက်လာနိုင်မည်ဖြစ်ကြောင်း၊ မိမိတို့၏ လုပ်ငန်းခွင်အသီးသီးသို့ ပြန်ရောက်သည့်အခါ သင်တန်းကရရှိခဲ့သော အတွေ့အကြုံများကို လက်တွေ့လုပ်ငန်းခွင်တွင် အကျိုးရှိရှိ အသုံးချပြီး ပေးအပ်လာသည့် တာဝန်နှင့်ဝတ္တရားများကို ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများနှင့်အညီ တာဝန်ယူ၊ တာဝန်ခံနိုင်သည့် ဝန်ထမ်းကောင်းများဖြစ်ရေး ကျင့်ကြံနေထိုင်သွားကြရန်နှင့် ဌာနအကျိုး၊ ပြည်သူ့အကျိုး၊ နိုင်ငံ့အကျိုးတို့ကို စိတ်ကောင်း၊ စေတနာကောင်း အပြည့်ဖြင့် ဆောင်ရွက်နိုင်သည့် နိုင်ငံ့ဝန်ထမ်းကောင်းများ၊ အင်ဂျင်နီယာဝန်ထမ်းကောင်းများဖြစ်အောင် စွမ်းစွမ်းတမံ ကြိုးစားအားထုတ်ဆောင်ရွက်သွားကြရန်ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ရုံးလုပ်ငန်းဆိုင်ရာ ကျွမ်းကျင်မှုမွမ်းမံသင်တန်း အမှတ်စဉ် (၃/၂၀၂၃) တွင် ပထမ၊ ဒုတိယ၊ တတိယ ထူးချွန်ဆုရရှိသူများကို လည်းကောင်း၊ ဒုတိယဝန်ကြီးက ဒု-ဦးစီးမှူး(စက်/လျှပ်)များ လုပ်ငန်းခွင်ဝင်မွမ်းမံသင်တန်း အမှတ်စဉ် (၁/ ၂၀၂၃)တွင် ပထမ၊ ဒုတိယ၊ တတိယ ထူးချွန်ဆုရရှိသူများကိုလည်းကောင်း ဆုများပေးအပ်ချီးမြှင့်ပြီး တာဝန်ရှိသူများက သင်တန်းဆင်းလက်မှတ်များကို သင်တန်းသားများထံ ပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံးသို့ ရောက်ရှိပြီး ဥတ္တရသီရိမြို့နယ်အတွင်း လျှပ်စစ်ဓာတ်အားသုံးစွဲမှု၊ ဓာတ်အားဖြန့်ဖြူးပေးနေမှု၊ မီတာဘေလ်ငွေကောက်ခံနေမှု၊ မီးသုံးစွဲသူပြည်သူများအပေါ် ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုနှင့် ဓာတ်အားပျောက်ဆုံးမှု လျှော့နည်းကျဆင်းရေး ဆောင်ရွက်ထားမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက ပြည်သူလူထုထံသို့ ဓာတ်အားဖြန့်ဖြူးပေးပို့ရာတွင် ဗို့အားပြည့်ဝတည်ငြိမ်ပြီး အရည်အသွေးပြည့်ဝသည့် လျှပ်စစ်ဓာတ်အားများ ဖြန့်ဖြူးပေးပို့နိုင်ရေး၊ ဓာတ်အားစနစ် တည်ငြိမ်တိုးတက်ကောင်းမွန်စေရေး၊ ဓာတ်အား စဉ်ဆက်မပြတ်ဖြန့်ဖြူးပေးနိုင်ရေးနှင့် ဓာတ်အားပျောက်ဆုံးမှု လျှော့နည်းကျဆင်းစေရေးတို့အတွက် ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံသုံး ဆက်စပ်ပစ္စည်းများအား စနစ်တကျ စစ်ဆေးဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ မိမိတို့လုပ်ငန်းသည် ပြည်သူကိုဝန်ဆောင်မှုပေးရသည့် လုပ်ငန်းများဖြစ်သည့်အတွက် ပြည်သူကို အကောင်းဆုံးဝန်ဆောင်မှုပေးရန်နှင့် နိုင်ငံတော်၏ ဘဏ္ဍာငွေကို အလေအလွင့် ဆုံးရှုံးမှုမရှိစေရေး ဂရုစိုက်ဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ ဓာတ်အားလိုင်း၊ ဓာတ်အားခွဲရုံသုံးပစ္စည်းများနှင့် ရုံးလုပ်ငန်းသုံးပစ္စည်းများအား စနစ်တကျ ထိန်းသိမ်းထားရှိရန်နှင့် ဆက်လက်သုံးစွဲရန် မသင့်တော့သည့် ပစ္စည်းများကိုလည်း သတ်မှတ်လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်သွားရန် လိုအပ်ကြောင်း မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း အလုပ်အမှုဆောင်ရွေးချယ်ပွဲ ဒီဇင်ဘာလတွင် ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၂၄

မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ ၂၀၂၃ - ၂၀၂၆ အမှုဆောင်သက်တမ်းအတွက် အလုပ်အမှုဆောင်နှင့် ဗဟိုအလုပ်အမှုဆောင်များ ရွေးချယ်ပွဲကို ဒီဇင်ဘာ ၂၁ ရက်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)၌ ကျင်းပသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းမှ သိရသည်။

အဆိုပါ မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ အမှုဆောင်သက်တမ်းရွေးချယ်ပွဲကို ပုံမှန်သုံးနှစ်တစ်ကြိမ် ရွေးချယ်ကျင်းပနေခြင်းဖြစ်ပြီး ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလ၌ အမှုဆောင်သက်တမ်းကို ရွေးချယ်ခဲ့ရာ ယခု ၂၀၂၃ ခုနှစ်တွင် အမှုဆောင်သက်တမ်း သုံးနှစ်ပြည့်ခဲ့ပြီဖြစ်၍ ယခု ၂၀၂၃-၂၀၂၆ သက်တမ်းအတွက် ရွေးချယ်ပွဲကို ကျင်းပသွားမည်ဖြစ်ကာ အသင်း၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းပါ စည်းကမ်းချက်များနှင့် ကိုက်ညီသည့် အသင်းဝင် သက်တမ်းတစ်နှစ်ပြည့်ပြီးသော ကုမ္ပဏီများ၊ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များ၊ စားသုံးဆီတင်သွင်းဖြန့်ဖြူးသူများ၊ ဆီလက်လီ/လက္ကားရောင်းချသူများ အသင်းအမှုဆောင်အဖြစ် ရွေးချယ်ခံခွင့်ရှိကြောင်း သိရသည်။

"အမှုဆောင်သစ် ရွေးချယ်ပွဲနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံ ဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးဆန်းလင်းက ရွေးချယ်တင်မြှောက်ပွဲကို အသင်းဖွဲ့စည်းမျဉ်းပါ စည်းမျဉ်းစည်းကမ်းချက်များနဲ့အညီ သုံးနှစ်တစ်ကြိမ်ပုံမှန်ကျင်းပဆောင်ရွက်တာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ၂၀၂၀-၂၀၂၃ ခုနှစ် သက်တမ်းဆိုရင် ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလမှာ ကျင်းပခဲ့တာပါ။ အဲဒီသက်တမ်းမှာ ရွေးချယ်ခံရတဲ့ အမှုဆောင်များက ၂၀၂၀-၂၀၂၃ ခုနှစ်အထိ တာဝန်ထမ်းဆောင်ရပါတယ်။ လာမယ့် ၂၀၂၃-၂၀၂၆ သက်တမ်းအတွက် အခု ဒီဇင်ဘာလမှာ ပြန်လည် ရွေးချယ်သွားမှာဖြစ်ပါတယ်။ ဖွဲ့စည်းပုံစည်းမျဉ်းအရ သုံးနှစ်တစ်ကြိမ် ပုံမှန်ပြုလုပ်နေကြ ရွေးချယ်တင်မြှောက်ပွဲဖြစ်ပါတယ်။ အဲဒီလိုရွေးချယ်ရာမှာလည်း ဖွဲ့စည်းပုံစည်းမျဉ်းအရ လက်ရှိအလုပ်အမှုဆောင်များ အားလုံးနုတ်ထွက်ပြီးမှသာ ပြန်လည်ရွေးချယ်ခံပိုင်ခွင့်ရှိပါတယ်။ ရွေးချယ်ပွဲကို (UMFCCI)မှာ ဒီဇင်ဘာ ၂၁ ရက်ဆိုရင် ပုံမှန်ကျင်းပနေတဲ့အတိုင်း ဆောင်ရွက်သွားမှာပါ" ဟု ပြောသည်။

မြန်မာနိုင်ငံအတွင်းရှိ ဆီစက်များ၊ ဆီလုပ်ငန်းရှင်များနှင့် ဆီကုန်သည်များ ဖွံ့ဖြိုးတိုးတက်အောင် ကူညီထောက်ပံ့ရန်၊ ဆီထွက်သီးနှံထုတ်လုပ်သူများနှင့် ဆီထွက်ပစ္စည်းများ ပြည်တွင်း၊ ပြည်ပရောင်းဝယ်မှု တိုးတက်မြင့်မားစေရေးအတွက် ကြိုးပမ်းဆောင်ရွက်ရန်၊ ပြည်တွင်းစားသုံးဆီမပြတ်လပ်စေရေး၊ ဆီဈေးနှုန်း တည်ငြိမ်မှန်ကန်ရေးအတွက် သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်၊ တင်သွင်း/သိုလှောင်/ဖြန့်ဖြူးမှုတွင် သက်ဆိုင်ရာဌာနများနှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းဆောင်ရွက်ရန်၊ နိုင်ငံတော်အစိုးရနှင့် ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအကြား ပေါင်းကူးတံတားသဖွယ် ဆောင်ရွက်ပေးရန် စသည့်ရည်ရွယ်ချက်များဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ညိမ်းသူ**




# သတင်းနှင့် စာနယ်ဇင်းဝန်ထမ်းဟောင်းများအသင်း သက်ကြီးပူဇော်ပွဲအတွက် အလှူငွေပေးအပ်

ရန်ကုန် နိုဝင်ဘာ ၂၄

သတင်းနှင့် စာနယ်ဇင်းဝန်ထမ်းဟောင်းများအသင်း ဆရာသမားများနှင့် အသက် ၈၀ နှင့်အထက် အသင်းဝင်ဝန်ထမ်းဟောင်းများ သက်ကြီးပူဇော်ပွဲအတွက် အန်ကောခေတ်ယဉ်ကျေးမှု စာအုပ်ရေးသားသူ ဦးကျော်ညွန့်ရည် +ဒေါ်ဝါဝါကျော် (ကျော်ညွန့်ရည်စာပေ) က အလှူငွေကျပ် ၁၀ သိန်း၊ ဦးမြင့်ဆွေ+ဒေါ်နီနီစံ က အလှူငွေကျပ်နှစ်သိန်း၊ ဦးဇော်ဝင်း+ဒေါ်အေးအေးကျော်က (၄၁)နှစ်မြောက် မင်္ဂလာနှစ်ပတ်လည်အလှူအတွက် ငွေကျပ်တစ်သိန်း၊ ဦးစန်ငြိမ်း၊ ဦးမြလှိုင်၊ ဦးဝင်းရွှေ၊ ဦးသိန်းမြင့်၊ ဒေါ်မြင့်မြင့်အုန်း၊ ဒေါ်တင်တင်ဝင်း၊ ဒေါ်သန်းသန်းနု၊ ဦးနေလင်း+ဒေါ်သီသီမင်းတို့က အလှူငွေကျပ်ငါးသောင်းစီ၊ ဦးသန်းရွှေဦး၊ ဦးကြည်စိုး+ ဒေါ်အေးအေးဝင်းတို့က အလှူငွေကျပ်သုံးသောင်းစီ၊ ဦးမျိုးထွန်း+ဒေါ်ခင်စန်းဝင်း၊ ဦးမောင်ညွန့်တို့က အလှူငွေကျပ်နှစ်သောင်းစီ၊ ဦးသန့်ဇင်ထွန်း၊ ဦးတင့်ဝေ၊ ဦးသိန်းလွင်၊ ဒေါ်ခင်မြင့်နွယ်နှင့် ဒေါ်မြကေခိုင်စိုးတို့က အလှူငွေကျပ်တစ်သောင်းစီ စုစုပေါင်း အလှူငွေကျပ် နှစ်ဆယ့်တစ်သိန်းငါးသောင်းတိတိကို နိုဝင်ဘာ ၂၄ ရက်က အသင်းရုံးခန်းသို့ လာရောက်လှူဒါန်းပေးအပ်ရာ အသင်းဥက္ကဋ္ဌ ဦးမြင့်ဆွေနှင့်အမှုဆောင်များကလက်ခံရယူခဲ့ကြောင်းသိရသည်။

**အေးသန်း(စိန်တုံးကြီး)**

# ပြည်ထောင်စုတိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်)၌ အင်္ဂလိပ်စာစွမ်းရည်ပြတင်ဆက်ခြင်းအခမ်းအနား ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၄

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် (ရန်ကုန်)ရှိ ဝိဇ္ဇာ၊ သိပ္ပံ၊ အင်ဂျင်နီယာ ကျောင်းသားကျောင်းသူများ၏ အင်္ဂလိပ်စာ စွမ်းရည်ပြတင်ဆက်ခြင်းအခမ်းအနားကို ယမန်နေ့က အဆိုပါကျောင်းရှိ Theatre ခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် ကျောင်းအုပ်ကြီး ဦးထိန်လင်းက အဖွင့်အမှာစကားပြောကြားပြီး ကျောင်းသား ကျောင်းသူများက သတ်မှတ်ခေါင်းစဉ်များအလိုက် Power Point ဖြင့်တင်ပြခြင်း၊ Talk Show တင်ဆက်ခြင်း၊ နိုင်ငံတကာမှ တေးသီချင်းသီဆိုခြင်းတို့ကို အစီအစဉ်အတိုင်း ဆောင်ရွက်ကြသည်။

ထို့နောက် ကျောင်းသူတစ်ဦးက ကျေးဇူးတင်စကားပြောကြားပြီး ကျောင်းအုပ်ကြီးက ပါဝင်တင်ဆက်သူများအား ဂုဏ်ပြုဆုငွေများ ပေးအပ်ကာ အခမ်းအနားကိုရုပ်သိမ်းခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

**ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ**

# ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးတွင် ရွှေစင်ရွှေပြားကပ်လှူပူဇော်နိုင်ရေး နှိုးဆော်လွှာ

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ မြို့တော် နေပြည်တော်တွင် "ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး"ကို နိုင်ငံတော်အစိုးရနှင့် ပြည်သူတို့က သဒ္ဓါထက်သန်စွာဖြင့် စုပေါင်းပါဝင်လှူဒါန်းပူဇော်တည်ထားကိုးကွယ်ခဲ့ရာ စေတီတော်မြတ်ကြီး၏ဖောင်းရစ်သုံးခုအနက် တတိယဖောင်းရစ်နှင့် ဒုတိယဖောင်းရစ်အား ရွှေစင်ရွှေပြားများ ကပ်လှူပူဇော်ခဲ့ပြီးဖြစ်ပါသည်။

၂။ ယခုအခါ ဆက်လက်၍ ကျန်သောပထမဖောင်းရစ်ဧရိယာ (၃၄၈၅.၇၈)စတုရန်းပေအား ရွှေစင်ရွှေပြားကပ်လှူရန် စီစဉ်လျက်ရှိပါသည်။ ရွှေစင်ရွှေပြား(၁)ချပ်အတွက် အလှူငွေမှာ ၂,၅၀၀,၀၀၀/- (ကျပ်နှစ်ဆယ့်ငါးသိန်းတိတိ)ဖြစ်ပါ၍ ပြည်သူတစ်ဦးချင်းမှ သဒ္ဓါတတ်အား နည်းများမဆို ကုသိုလ်ပါဝင်လှူဒါန်းနိုင်ပါရန်နှင့် ကုသိုလ်ပါဝင်လှူဒါန်းလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်၍ လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည် -

(က) ဦးမြင့်စိုး၊ အဖွဲ့ဝင်၊ နေပြည်တော်ကောင်စီ
၀၉-၂၆၁၁၇၉၀၀၃

(ခ) ဦးမောင်မောင်၊ ဒုတိယမြို့တော်ဝန်
နေပြည်တော်စည်ပင်သာယာရေးကော်မတီ
၀၉-၄၀၄၄၃၄၄၉၉

(ဂ) ဦးဆန်းထွန်းအောင်၊ ညွှန်ကြားရေးမှူး၊
နေပြည်တော်သာသနာရေးမှူးရုံး
၀၉-၄၄၃၁၄၃၁၇၀/ ၀၆၇-၅၅၀၁၈၃

(ဃ) ဦးထွန်းကြည်၊ ဂေါပကအဖွဲ့ဝင်၊
ဥပ္ပါတသန္တိစေတီတော် ၀၉-၅၁၃၅၆၉၈

(င) ဦးတင်မောင်ကြည်၊ ဂေါပကအဖွဲ့ဝင်၊
ဥပ္ပါတသန္တိစေတီတော်
၀၉-၅၀၇၈၁၇၃

(စ) ဦးခင်မောင်ထွန်း၊ ဂေါပကအဖွဲ့ဝင်၊
ဥပ္ပါတသန္တိစေတီတော်
၀၉-၄၄၈၁၂၇၉၀၇

(ဆ) ဦးမြဝင်း၊ ရုံးအဖွဲ့မှူး၊
ဥပ္ပါတသန္တိစေတီတော်
၀၉-၄၅၂၄၁၇၈၈၉

## နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့်ဆောင်ရွက်သည့် ပြည်ထောင်စုအဆင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ၏ (၂/၂၀၂၃)အစည်းအဝေး ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၂၄

နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ပြည်ထောင်စုအဆင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ၏(၂/၂၀၂၃) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ပြည်ထောင်စုအဆင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးနှင့် ဒေါက်တာတင်ထွဋ်၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် အသင်းအဖွဲ့များမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။



အစည်းအဝေးတွင် ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးက နိုင်ငံ၏စီးပွားရေးအခြေအနေကောင်းများ ဖန်တီးပေးနိုင်ရန် နိုင်ငံတော်အစိုးရက နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေ ထူထောင်ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ စိုက်ပျိုးရေးသွင်းအားစုများ ထည့်သွင်းအသုံးပြုခြင်းဖြင့် တစ်ဧကအထွက်နှုန်း ပိုမိုတိုးတက်လာစေရန်၊ ဈေးနှုန်းနှင့်ဈေးကွက် သေချာခြင်းကြောင့် တောင်သူများ ဝင်ငွေပိုမိုရရှိစေကာ ဒေသအလိုက်ဖွံ့ဖြိုးလာစေပြီး နိုင်ငံ့စီးပွားတိုးတက်မြင့်မားလာစေရန်၊ စီမံကိန်းတွင်ပါဝင်သောအစုအဖွဲ့အားလုံး အကျိုးအမြတ်ကိုယ်စီရရှိစေရန်နှင့် အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုပေါ်ပေါက်လာစေရန်၊ လယ်ယာကုန်ထုတ်လုပ်မှု ကွင်းဆက်အားလုံး ပူးပေါင်းဆောင်ရွက်သည့်အလေ့အကျင့်များ ရရှိလာစေရန် စသည့်အချက်များကိုလည်း ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်၍ သက်ဆိုင်သူအားလုံးက ကျရာအခန်းကဏ္ဍများမှ တက်ကြွစွာပူးပေါင်းဆောင်ရွက်ကြရန်တိုက်တွန်းပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်က ပံ့ပိုးငွေများ တောင်သူထံ အချိန်မီရောက်ရှိရန် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ ဖွံ့ဖြိုးလာရေးနှင့် ပံ့ပိုးငွေများကို တောင်သူများထံမှ ကောက်ခံနိုင်မည့်လုပ်ငန်းစဉ်များ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် ကျေးလက်ဒေသများတွင်လုပ်ကိုင်လျက်ရှိသည့် ဒေသန္တရ ငွေကြေးလှည့်ပတ်မှုအခြေအနေများကို စနစ်တကျလေ့လာသုံးသပ်ရန် လိုအပ်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ကော်မတီအတွင်းရေးမှူးများဖြစ်ကြသည့် စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့်ဆောင်ရွက်သည့် စိုက်ပျိုးရေးစီမံကိန်းများ၏ ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ ကော်မတီအဖွဲ့ဝင်များက သက်ဆိုင်ရာလုပ်ငန်းကဏ္ဍများအလိုက် တင်ပြကြရာ အစည်းအဝေး တက်ရောက်လာကြသူများက လုပ်ငန်းတစ်ခုချင်းအပေါ် ဝိုင်းဝန်းဆွေးနွေးဆောင်ရွက်ခဲ့ကြသည်။

နိုင်ငံ့စီးပွား မြှင့်တင်ရေးမတည်ထောက်ပံ့ရန်ပုံငွေကျပ် ၂၃၀ ဘီလီယံဖြင့် ၂၀၂၂-၂၀၂၃ ခုနှစ်တွင် ပဲတီစိမ်းနှင့် နွေစပါးစီမံကိန်းကို စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ရန်ပုံငွေမှလက်ကျန်ငွေနှင့် ချေးငွေပြန်လည်ကောက်ခံရရှိငွေတို့ဖြင့် ၂၀၂၃ ခုနှစ် မိုးစပါးစီမံကိန်းကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ကာ ၂၀၂၃-၂၀၂၄ခုနှစ် နွေစပါးစီမံကိန်းကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်ရန် စီစဉ်လျက်ရှိသည်။ ဆီထွက်သီးနှံစီမံကိန်းအနေဖြင့် နိုင်ငံတော်မှ မတည်ရန်ပုံငွေကျပ် ၁၀၀ ဘီလီယံ လွှဲပြောင်းရရှိပြီး အဆိုပါရန်ပုံငွေဖြင့် ဆောင်းဆီထွက်သီးနှံ စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရန် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များနှင့် ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က လယ်ဝေးမြို့နယ်၌ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ပြည်သူများနှင့်တွေ့ဆုံ၍ မြန်မာအီလက်ထရောနစ်မဲပေးစက်နှင့်စပ်လျဉ်းပြီး ရှင်းလင်းပြသ၊ လက်တွေ့သရုပ်ပြ စမ်းသပ်မဲပေးခြင်း စတုတ္ထနေ့အဖြစ် ဆက်လက်ဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၂၄

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သည် MEVM စက်ရှင်းလင်းပြသခြင်းနှင့် လက်တွေ့သရုပ်ပြ စမ်းသပ်မဲပေးခြင်းများကို မဲဆန္ဒရှင် အသိပညာပေးလုပ်ငန်းတစ်ရပ်အနေဖြင့် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် လယ်ဝေးမြို့နယ်အတွင်း စတုတ္ထနေ့အဖြစ် လယ်ဝေးမြို့နယ် စည်ပင်သာယာရေးကော်မတီ သီရိမင်္ဂလာခန်းမ၌ ဆက်လက်ဆောင်ရွက်သည်။



ဦးစွာ ပြည်ထောင်စုနယ်မြေရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲရွေးကောက်ပွဲအရာရှိ ဦးအောင်စိုးဝင်းနှင့် တာဝန်ရှိသူများက MEVM စက် တည်ဆောက်ပုံအကြောင်းအရာများ၊ အသုံးပြုပုံနည်းလမ်းများ၊ စက်နှင့်စပ်လျဉ်းသည့် အချက်အလက်များကို မဲဆန္ဒရှင်ပြည်သူများ စနစ်တကျ သိရှိနားလည်ပြီး ကောင်းမွန်စွာအသုံးပြု ဆောင်ရွက်နိုင်သည်အထိ ရှင်းလင်းပြောကြား၍ လက်တွေ့သရုပ်ပြသည်။

ဆက်လက်၍ မဲဆန္ဒရှင်ပြည်သူများ စမ်းသပ်မဲပေးရာတွင် မဲပေးစက်၏ထိန်းချုပ်စက် (Control Unit) ကို ကိုယ်တိုင်ကိုင်တွယ်ဆောင်ရွက်ခြင်း၊ မဲပေးစက်မှ ထုတ်ပေးသည့် မဲရလဒ်စာရွက်နှင့် မဲပုံးအတွင်းရှိ မဲလက်မှတ်များ တိုက်ဆိုင်စစ်ဆေး၍ မဲရလဒ် မှန်မမှန် စိစစ်ခြင်းတို့ကို စနစ်တကျဆောင်ရွက်ခဲ့ကြပြီး အချိန်တိုအတွင်း ဆန္ဒမဲများကို ပွင့်လင်းမြင်သာမှုရှိစွာ မှန်မှန်ကန်ကန် မဲပေးနိုင်ခြင်း၊ ပယ်မဲများ မရှိနိုင်တော့ခြင်း၊ မဲမသမာမှု မပြုလုပ်နိုင်ခြင်းတို့ကို လက်တွေ့သိရှိခဲ့ရသည့်အတွက် မဲပေးစက်အပေါ် စိတ်ချယုံကြည်မှု အပြည့်ဖြင့် စမ်းသပ်မဲပေးခဲ့ကြသည်။

အခမ်းအနားသို့ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီတို့မှ ကိုယ်စားလှယ်များ၊ နောင်ဘိုကျေးရွာအုပ်စု၊ ပြောင်ခေါင်းကြီးကျေးရွာအုပ်စု၊ သပြေကုန်းကျေးရွာအုပ်စု၊ သရက်ကုန်းကျေးရွာအုပ်စု၊ တည်ထောင်ကျေးရွာအုပ်စု၊ သော်မှော်ကုန်းကျေးရွာအုပ်စု၊ ကူသပိတ်ကျေးရွာအုပ်စု၊ ကြောင်ရေကျေးရွာအုပ်စု၊ သပြေပင်ကျေးရွာအုပ်စု၊ သဲကောကြီးကျေးရွာအုပ်စု၊ ရွှေပြည်အေးကျေးရွာအုပ်စု၊ အောင်သာကျေးရွာအုပ်စု၊ ကုန်းသာကျေးရွာအုပ်စုနှင့် ရဘိန်းကျေးရွာအုပ်စုတို့မှ အုပ်ချုပ်ရေးမှူးများ၊ အတွင်းရေးမှူးများနှင့် မဲဆန္ဒရှင်ပြည်သူများ ၅၄၉ ဦးရှိခဲ့ပြီး လယ်ဝေးမြို့နယ်၌ စမ်းသပ်မဲပေးခြင်းများ ဆောင်ရွက်ခဲ့သည့် နိုဝင်ဘာ ၂၁ ရက်မှ ၂၄ ရက်အတွင်း စမ်းသပ်မဲပေးသူစုစုပေါင်း ၂၃၀၆ ဦးရှိကြောင်း သိရသည်။ **သတင်းစဉ်**

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

နေပြည်တော် နိုဝင်ဘာ ၂၄

ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းတွင် အများအားဖြင့် သာယာနေပြီး ဘင်္ဂလား ပင်လယ်အော် အလယ်ပိုင်းနှင့် အနောက်တောင်ပိုင်းတို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေကာ ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလား ပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။ **မိုး/ဇလ**

## မြန်မာ့ပင်လယ်ပြင်

နေပြည်တော် နိုဝင်ဘာ ၂၄

လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

# KNPP နှင့် PDF အကြမ်းဖက်အဖွဲ့များဖမ်းဆီးခေါ်ဆောင်သွားသည့် လွိုင်ကော်တက္ကသိုလ်မှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် မိသားစုဝင်များထဲမှ ၁၀၃ ဦး တောင်ကြီးသို့ ပြန်လည်ရောက်ရှိလာမှုအခြေအနေ၊ ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းဈေးတွင် အချိန်ကိုက် မီးလောင်မှုဖြစ်စဉ်ဖြစ်ပွားမှုအခြေအနေ၊ ၂၄-၁၁-၂၀၂၃ရက်နေ့ ရှမ်းပြည်နယ် (အရှေ့မြောက်ပိုင်း)၊ စစ်ကိုင်းတိုင်း၊ ကရင်ပြည်နယ်၊ ရခိုင်ပြည်နယ်တို့တွင် ထိတွေ့တိုက်ပွဲဖြစ်ပွားမှု အခြေအနေများနှင့် NUG၊ PDF အကြမ်းဖက်အဖွဲ့များအနေဖြင့် နိုင်ငံနေရာအနှံ့ ကောလာဟလသတင်းများ ထုတ်လွှင့်၍ ပြည်ဖျက်လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေး အဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ပြောကြားချက်

ဒီနေ့မှာတော့ လွိုင်ကော်တက္ကသိုလ်က KNPP ၊ PDF အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က ဖမ်းဆီးခေါ်ဆောင်သွားတဲ့ ဆရာ ဆရာမတွေ၊ ကျောင်းသား ကျောင်းသူတွေ၊ မိသားစုတွေထဲက ၁၀၃ ဦး တောင်ကြီးကို ပြန်ရောက်နေတာရှိပါတယ်။ မနေ့ကညမှာ PNO ပြည်သူ့စစ်အဖွဲ့ဒေသကနေမှတစ်ဆင့် လက်ခံရရှိခဲ့ပါတယ်။ တပ်မတော်မှ တာဝန်ရှိသူများလည်း သွားရောက်ကြိုဆိုပြီးတော့ ဒီနေ့မှာ တောင်ကြီးမြို့ကို ရောက်ရှိခဲ့ပါတယ်။ ဒီအဖွဲ့တွေဟာ စစ်ရေးနဲ့ မဆိုင်တဲ့ တက္ကသိုလ်၊ ကျောင်းတွေကို တိုက်ခိုက်ပြီး ဓားစာခံအဖြစ် ဖမ်းဆီးခေါ်ဆောင်သွားတာဖြစ်ပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံတစ်ဝန်းလုံးမှာရှိတဲ့ အဖွဲ့အစည်းအသီးသီး၊ လူပုဂ္ဂိုလ်အသီးသီးကနေမှ ကန့်ကွက်တာ ၊ ရှုတ်ချတာတွေ လုပ်ခဲ့ပါတယ်။ ကန့်ကွက်၊ ရှုတ်ချတာတွေလုပ်ခဲ့တဲ့အတွက် ပြန်လည်လွတ်မြောက်လာတာ ဖြစ်ပါတယ်။ ကျန်ရှိနေသေးတဲ့ အင်အား ၁၀၀ ခန့် ရှိပါသေးတယ်။ ဒီအင်အား ၁၀၀ ခန့်နဲ့ ပတ်သက်ပြီး ပြန်လည်လွတ်မြောက်နိုင်ရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။ တိုက်ပွဲများဖြစ်ပွားနေချိန်မှာ စစ်ရေးနဲ့မဆိုင်တဲ့ ပစ်မှတ်တွေ၊ စစ်ရေးနဲ့မဆိုင်တဲ့သူတွေကို ဓားစာခံအဖြစ် ဖမ်းဆီးခေါ်ဆောင်သွားတာတွေ၊ ပြည်သူ့အကျိုး ဖျက်ဆီးနေတာတွေကို ပြည်သူလူထုကလည်း ပြတ်ပြတ်သားသား ဆန့်ကျင်ဖို့လိုတယ်လို့ ပြောချင်ပါတယ်။

ရခိုင်ပြည်နယ်ဘက်မှာတော့ ပုဏ္ဏားကျွန်းဈေး မီးလောင်ခဲ့တဲ့ ဖြစ်စဉ်ရှိပါတယ်။ ဒီဖြစ်စဉ်နဲ့ပတ်သက်ပြီး တပ်မတော်အနေနဲ့ ရခိုင်ပြည်နယ်မှာရှိတဲ့ မြို့၊ ရွာ ၊ ပြည်သူလူထု အသက်အိုးအိမ်စည်းစိမ်ကာကွယ်စောင့်ရှောက်နေတာရှိပါတယ်။ ပုဏ္ဏားကျွန်းဈေး မီးလောင်တာနဲ့ပတ်သက်ပြီး ဒီဟာသည် ကျွန်တော်တို့ သံသယရှိတာသည် အချိန်ကိုက် ရှို့မီးပဲ ဖြစ်နိုင်ပါတယ်။ AA အနေနဲ့ ဒေသခံပြည်သူလူထုကို အသုံးချပြီး အထင်အမြင်လွဲမှားအောင် ပြုလုပ်နေတာပဲ ဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ ပြည်သူ့အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်နေတဲ့ တပ်မတော်နဲ့အညီ မီးရှို့စရာအကြောင်း၊ ပစ်ခတ်စရာအကြောင်း မရှိပါဘူး။ စစ်ရေးပစ်မှတ်တွေကိုပဲ ကျွန်တော်တို့ တိုက်ခိုက်နေတာဖြစ်ပါတယ်။




ရှမ်းပြည်နယ် အရှေ့မြောက်ဘက်မှာတော့ နမ့်စလပ်မှာ ထိတွေ့တိုက်ပွဲ ဆက်လက်ဖြစ်ပွားတာရှိပါတယ်။ မုံးကျက်မှာတော့ စခန်းနေရာ နေရာရွှေ့ပြောင်းခဲ့တာရှိပါတယ်။ ဒါနဲ့ပတ်သက်ပြီးလည်း နမ့်စလပ်နဲ့ မုံးကျက်မှာ MNDAA ၊ TNLA အဖွဲ့က အကျအဆုံး များစွာရှိပါတယ်။ ဒါကြောင့် ဒီနေ့မှာလည်း ဓာတုဗုံးတွေ သုံးနေတယ်ဆိုတဲ့ စွပ်စွဲချက်မျိုး ထွက်ပေါ်လာတာရှိပါတယ်။ သူတို့အနေနဲ့ သူတို့အထိနာပြီဆိုရင် ဒီလိုမျိုးပြောဆိုချက်မျိုး၊ စွပ်စွဲချက်မျိုး အမြဲတမ်းရှိနေတာပဲ ဖြစ်ပါတယ်။ လောက်ကိုက် ပတ်ဝန်းကျင်နေရာ သုံးနေရာမှာတော့ ထိတွေ့မှုတွေရှိခဲ့ပါတယ်။ တာမိုးညဲ ဘက်မှာလည်း Drop Bomb နဲ့ချပြီးတော့ တိုက်ခိုက်နေတာမျိုးရှိပါတယ်။ စစ်ကိုင်းတိုင်းဘက်မှာတော့ ဗောဓိတစ်ထောင်ဘက်မှာ တိုက်ပွဲဖြစ်ပွားခဲ့တာရှိပါတယ်။ ရန်သူ့ဆီက အလောင်းလက်နက်များစွာ ရရှိခဲ့ပါတယ်။ ရေဦး၊ အောင်သာယာဘက်မှာလည်း ပြည်သူ့စစ်အဖွဲ့ဝင်တွေနဲ့ PDF အကြမ်းဖက်အဖွဲ့တို့ ထိတွေ့တိုက်ပွဲ ဖြစ်ခဲ့တာရှိပါတယ်။ အဲဒီမှာလည်း ရန်သူအကျအဆုံးများစွာနဲ့ ဆုတ်ခွာထွက်ပြေးသွားရတာရှိပါတယ်။ ကရင်ပြည်နယ်ဘက်မှာတော့ ဒီမနက်မှ ထီးထစခန်းကို အင်အားအလုံးအရင်းသုံးပြီး KNU ၊ PDF အဖွဲ့အနေနဲ့ ဝင်ရောက်တိုက်ခိုက်ခဲ့တာရှိပါတယ်။ အကျအဆုံးများစွာနဲ့ ပြန်လည်ဆုတ်ခွာ ထွက်ပြေးသွားတာရှိပါတယ်။ လက်နက်တွေလည်း သိမ်းဆည်းရမိခဲ့ပါတယ်။ ရခိုင်ပြည်နယ်ဘက်မှာ ထရွှန်အိုင်စခန်းကို တိုက်ခိုက်ခဲ့တာရှိပါတယ်။ ပြန်လည်ဆုတ်ခွာသွားတာရှိပါတယ်။ ဒီနေရာမှာ NUG ၊ PDF အကြမ်းဖက်အဖွဲ့တွေအနေနဲ့ အချိန်ကောင်းအခါကောင်းဆိုပြီး တစ်နိုင်ငံလုံးမှာ နေရာအနှံ့အပြားလောက်နီးပါးမှာ အဖျက်လုပ်ငန်းများ၊ကောလာဟလ သတင်းတွေ ထုတ်လွှင့်ပြီး ဆောင်ရွက်နေတာရှိပါတယ်။ အဖျက်လုပ်ငန်းတွေနဲ့ ပတ်သက်ပြီး ဆောင်ရွက်နေတာရှိပါတယ်။ ကောလာဟလမျိုးစုံ ထုတ်လွှင့်နေတာရှိပါတယ်။ ဒါနဲ့ပတ်သက်ပြီး ပြည်သူလူထုအနေနဲ့ ဒီအဖျက်သမားတွေရဲ့ လုပ်ရပ်တိုင်း ပြည်ဖျက်မည့်မီဒီယာတွေနဲ့ ပတ်သက်ပြီး သတိရှိဖို့အရေးကြီးပါတယ်။ ပြီးရင် ကျွန်တော်တို့နဲ့ တရုတ်နိုင်ငံနဲ့ ပူးပေါင်းဆောင်ရွက်နေတဲ့ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေး၊ နယ်စပ်ဒေသတရားဥပဒေစိုးမိုးရေး လုပ်ငန်းတွေနဲ့ ပတ်သက်ပြီးလည်း တစ်နိုင်ငံနဲ့တစ်နိုင်ငံ အထင်အမြင်လွဲမှားစေရေးအတွက် ဦးတည်ပြီး တိုက်ခိုက်နေတာမျိုးတွေရှိပါတယ်။ ဒါတွေကို ကျွန်တော်တို့ ပြည်သူလူထုအားလုံးက သတိရှိကြဖို့အရေးကြီးကြောင်း ပြောလိုပါတယ်။

**အားလုံးကို ကျေးဇူးတင်ပါတယ်။**

## ရှမ်းပြည်နယ် တောင်ကြီးမြို့ တန်ဆောင်တိုင်ပွဲတော် တတိယညတွင် ပရိသတ်အင်အားတစ်သိန်းခွဲခန့် စည်ကားသိုက်မြိုက်စွာ လာရောက်ကြည့်ရှု

**တောင်ကြီး နိုဝင်ဘာ ၂၄**

ရှမ်းပြည်နယ်အတွင်း နေထိုင်ကြသော တိုင်းရင်းသားလူမျိုးစုများ၏ ရိုးရာပွဲတော်ကို ဖော်ထုတ်မြှင့်တင်အားပေးခြင်းဖြင့် တောင်ကြီး တန်ဆောင်တိုင်ပွဲတော်ကို ၁၃၈၅ ခု တန်ဆောင်မုန်းလဆန်း ၉ ရက် ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၂၁ ရက်မှ ၂၇ ရက်အထိ ၇ ရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပြီး ပွဲတော်ကာလအတွင်း မြို့လုံးကျွတ်ဘုံကထိန် ပဒေသာပင်လှည့်လည်ပွဲ၊ မသိုးသင်္ကန်း ရက်လုပ်ပူဇော်ပွဲ၊ နေ့လွှတ်မီးပုံးပျံပြိုင်ပွဲ (တစ်ကောင်ချင်း၊ အုပ်စုအရုပ်)၊ ညလွှတ် ယမ်းမီးကြီးမီးပုံးပျံ၊ စိန်နားပန် မီးပုံးပျံပြိုင်ပွဲများ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။



နိုဝင်ဘာ ၂၃ ရက်တွင်လည်း နေ့လွှတ်မီးပုံးပျံ ခြေနှစ်ချောင်း အရုပ် ငါးလုံး၊ ခြေလေးချောင်းအရုပ်ငါးလုံး ပါဝင်ယှဉ်ပြိုင်လွှတ်တင်ကြသည်။ ညပိုင်းတွင် ခေတ်ပေါ်တေးဂီတတီးဝိုင်းဖြင့် ဒေသခံအဆိုတော်များဖြင့် ဖျော်ဖြေတင်ဆက်ကြရာ ညမီးကြီး ၂၂ ပေ လေးလုံး၊ ၂၅ ပေ နှစ်လုံး၊ ညမီးကြီး စိန်နားပန်သုံးလုံး ပါဝင်ယှဉ်ပြိုင်လွှတ်တင်ပေးကြပြီး ဒေသခံပြည်သူများ ရပ်ဝေး၊ရပ်နီးမှ ဧည့်သည်တော်များ၊ ပွဲလာဧည့်ပရိသတ်များ အင်အားတစ်သိန်းခွဲခန့် စည်ကားသိုက်မြိုက်စွာ၊ ပျော်ရွှင်အေးချမ်းစွာဖြင့် ပွဲကိုဆင်နွှဲကြကြောင်း သိရသည်။

အဆိုပါ တောင်ကြီးတန်ဆောင်တိုင်ပွဲတော်တွင် ညမီးကြီး ၂၅ ပေ ၁၅ လုံး၊ ၂၂ ပေ ၂၃ လုံး၊ ညမီးကြီး စိန်နားပန် ၁၈ ပေ ၂၅ လုံး စုစုပေါင်း ၆၃ လုံး၊ နေ့လွှတ်အရုပ်ခြေနှစ်ချောင်း ၃၇ လုံး၊ ခြေလေးချောင်း ၁၇ လုံး၊ အရုပ်အုပ်စု ကိုးလုံး စုစုပေါင်း ၆၃ လုံး ပါဝင်ယှဉ်ပြိုင်ကြပြီး မီးပုံးပျံ နေ့လွှတ်အရုပ်ပြိုင်ပွဲကို မွန်းလွဲတစ်နာရီမှ မွန်းလွဲ ၄ နာရီအထိနှင့် ညမီးပုံးပျံလွှတ်ချိန်ကို ည ၇ နာရီမှ စတင်မည်ဖြစ်ကြောင်း သိရသည်။

**မောင်မောင်သန်း(ပြန်/ဆက်)**

## တိုက်ကြီးမြို့နယ်နှင့် သန်လျင်မြို့နယ်တို့၌ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၂၄**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် သရက်ချောင်းကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ သံဃာတော်များနှင့် ဒေသခံပြည်သူစုစုပေါင်း ၁၀၄ ဦးတို့ကို အဆိုပါကျေးရွာရှိ ဒက္ခိဏာရုံကျောင်းတိုက်၌ လည်းကောင်း၊ သန်လျင်မြို့နယ် ဖားကူးအရှေ့ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ သံဃာတော်များနှင့် ဒေသခံပြည်သူ စုစုပေါင်း ၁၆၀ တို့ကို အဆိုပါကျေးရွာဓမ္မာရုံ၌ လည်းကောင်း ယနေ့တွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုက်ကြီးတပ်နယ်နှင့် သန်လျင်တပ်နယ်တို့မှ နယ်မြေခံဆေးကုသရေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့များက သံဃာတော်များနှင့် ဒေသခံပြည်သူများအား သွားနှင့်ခံတွင်းရောဂါ၊ မျက်စိရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အရိုးအကြောရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသခြင်းများ ဆောင်ရွက်ပေးခြင်း၊ ECG ၊ Ultrasound စက်များဖြင့် ရောဂါရှာဖွေစမ်းသပ်စစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ဆောင်ရွက်ပေးနေမှုများကို တပ်နယ်အသီးသီးမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ကြပါစို့**

# ပဲခူးတိုင်းဒေသကြီးအတွင်း ရေကြီးနစ်မြုပ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သော စိုက်ပျိုးရေးကဏ္ဍနှင့်မွေးမြူရေးကဏ္ဍလိုအပ်ချက်များ ထောက်ပံ့

ပဲခူး နိုဝင်ဘာ ၂၄

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏အစီအစဉ်ဖြင့် ရေကြီးနစ်မြုပ်မှုကြောင့် မိုးစပါးပျက်စီးခဲ့သည့် တောင်သူများအား ဆောင်းသီးနှံအထွက်နှုန်းကောင်း ပဲတီစိမ်း မျိုးကောင်းမျိုးသန့်မျိုးစေ့များ ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ဝေါမြို့နယ်၊ သနပ်ပင်မြို့နယ်နှင့် ပဲခူးမြို့နယ် တို့၌ ကျင်းပသည်။

**စီစဉ်ဆောင်ရွက်ပေး**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့်အဖွဲ့သည် ဝေါမြို့ မြို့တော်ခန်းမသို့ ရောက်ရှိခဲ့ပြီး အောက်တိုဘာလအတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မိုးစပါးစိုက်ကေများ ရေကြီးနစ်မြုပ်ပျက်စီးခဲ့သည့် ဒေသခံပြည်သူများနှင့် တွေ့ဆုံအားပေးစကားပြောကြားသည်။ အဆိုပါတောင်သူများအား တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးတို့က ဆောင်းသီးနှံစိုက်ပျိုးနိုင်ရေး အထွက်နှုန်းကောင်း ပဲတီစိမ်းမျိုးကောင်းမျိုးသန့်များ ထောက်ပံ့ပေးအပ်ခဲ့သည်။




ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် သနပ်ပင်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ မိုးစပါးစိုက်ကေများ ရေကြီးနစ်မြုပ်ပျက်စီးခဲ့သည့် ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ ရေကြီးနစ်မြုပ်ခဲ့စဉ် မိုးစပါးစိုက်ကေများ ပျက်စီးဆုံးရှုံးမှု လျော့နည်းစေရေး ရိတ်သိမ်းခြွေလှေ့စက်များဖြင့် အမြန်ဆုံးရိတ်သိမ်းနိုင်ရေး စီစဉ်ဆောင်ရွက်ပေးနိုင်ခဲ့သဖြင့် ထိခိုက်ပျက်စီးမှု လျော့နည်းခဲ့ပြီး အမှန်တကယ် ထိခိုက်ပျက်စီးခဲ့သည့် တောင်သူများအတွက် နစ်နာမှုအား ပြန်လည်ကုစားနိုင်ရေး ဆောင်းသီးနှံအတွက် မျိုးစေ့လိုအပ်ချက်များ ဖြည့်ဆည်းပေးရခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။ ယင်းနောက် တောင်သူများအား တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးတို့က ဆောင်းသီးနှံစိုက်ပျိုးနိုင်ရေး အထွက်နှုန်းကောင်း ပဲတီစိမ်း မျိုးကောင်းမျိုးသန့်များ ထောက်ပံ့ပေးအပ်သည်။

**ထောက်ပံ့ပေးအပ်**

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပဲခူးမြို့ သီရိဟံသာခန်းမ၌ ရေကြီးနစ်မြုပ်ပျက်စီးမှုကြောင့် နစ်နာခဲ့ရသည့် မိုးစပါးစိုက်တောင်သူများနှင့်တွေ့ဆုံ၍ ဆောင်းသီးနှံ စိုက်ပျိုးနိုင်ရေး အထွက်နှုန်းကောင်း ပဲတီစိမ်းမျိုးကောင်းမျိုးသန့်များ ထောက်ပံ့ပေးအပ်ခဲ့သည်။

ပဲခူးခရိုင်တွင် အောက်တိုဘာလအတွင်း မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းခဲ့မှုကြောင့် ပဲခူးမြို့နယ်၊ ဝေါမြို့နယ်၊ သနပ်ပင်မြို့နယ်နှင့် ကဝမြို့နယ်တို့တွင် မိုးစပါးစိုက်ဧက ၇၆၈၁ ဧက ပျက်စီးခဲ့ကြောင်းနှင့် ထိခိုက်နစ်နာခဲ့ရသည့် မိုးစပါးစိုက်တောင်သူများအတွက် ဆောင်းသီးနှံ ပြန်လည်အစားထိုးစိုက်ပျိုးနိုင်ရေး တိုင်းဒေသကြီးအစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် အထွက်နှုန်းကောင်း ပဲတီစိမ်းမျိုးကောင်းမျိုးသန့်များ ထောက်ပံ့ပေးအပ်ခြင်းဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ပြည်မြို့ လေးဆူဓာတ်ပျော်ရွှေဆံတော်စေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပ

ပြည် နိုဝင်ဘာ ၂၄

နိုဝင်ဘာ ၂၀ရက်က စတင်ကျင်းပလျက်ရှိသော ပြည်မြို့ လေးဆူဓာတ်ပျော်ရွှေဆံတော် စေတီတော်မြတ်ကြီး၏ ၂၆၁၂ နှစ်ပြည့် ဗုဒ္ဓပူဇနိယပွဲတော်တွင် မြို့တွင်းလှည့်လည်ဖျော်ဖြေရေးယိမ်းအဖွဲ့များနှင့် ရပ်ဝေး/ရပ်နီးမှ ဘုရားပွဲတော်လာ ပြည်သူများဖြင့် အထူးစည်ကားလျက်ရှိသည်။



ဗုဒ္ဓပူဇနိယပွဲတော်ကို နိုဝင်ဘာ ၂၀ရက်မှ ၂၉ ရက်အထိ ၁၀ ရက်တာ ကျင်းပမည်ဖြစ်ကာ ပွဲတော်ရက်အတွင်း ဇာတ်သဘင်ပွဲနှင့် မြန်မာ့ရိုးရာခြင်းလုံးအလှခတ်ပွဲအပါအဝင် နိုင်ငံကျော် အနုပညာရှင်များပါဝင်သည့် ရပ်ကွက်ယိမ်းကားများ၏ တေးဂီတနှင့် အကအလှဖျော်ဖြေရေး အစီအစဉ်များ၊ ရိုးရာဆင်အကအဖွဲ့နှင့် အခြား ပျော်ပွဲရွှင်ပွဲများပါဝင်ဆင်နွှဲလျက်ရှိပြီး ပြည်ဒေသထွက် ရိုးရာအစားအစာများနှင့် အနယ်နယ်အရပ်ရပ်မှ ဒေသထွက်ကုန်ပစ္စည်းများရောင်းချသည့် ပွဲဈေးဆိုင်ခန်းများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိသည်။

ယင်းအပြင် နိုဝင်ဘာ ၂၅ ရက်တွင် စေတီတော်ရင်ပြင်မြတ်စွယ်တော်တိုက်ရှိ ဗုဒ္ဓမြတ်စွယ်တော်အား မင်္ဂလာကရဝိက်ဖောင်တော်ယာဉ်ဖြင့် ပင့်ဆောင်၍ ယိမ်းအဖွဲ့ယာဉ်တန်းများလိုက်ပါဖျော်ဖြေမှုများဖြင့် မြို့တွင်းသို့ လှည့်လည် အပူဇော်ခံပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။ အဆိုပါ ဗုဒ္ဓမြတ်စွယ်တော်မြို့တွင်း လှည့်လည်ပူဇော်ပွဲ အထိမ်းအမှတ်အဖြစ် မြို့နယ် အားကစားကွင်းအတွင်း၌ နိုဝင်ဘာ ၂၅ ရက်မှ ၂၇ ရက်အထိ မီးပုံးပျံပွဲတော်ကိုလည်း သုံးရက်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **ကိုဆက်(ပြန်/ဆက်)**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့်
## ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၅-၁၁-၂၀၂၃ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၁၇၀ | ၂၂၂၀ | ၂၂၁၅ | ၂၁၈၀ | ၂၂၂၀ | ၂၂၄၅ | ၂၂၃၀ | ၂၂၀၅ | ၂၃၀၅ | ၂၃၂၀ | ၂၂၁၀ | ၂၂၂၀ | ၂၂၅၅ | ၂၂၆၀ | ၂၂၆၀ | ၂၄၉၀ | ၂၈၆၀ |
| 95 Ron | ၂၃၀၀ | ၂၃၅၀ | ၂၃၄၅ | ၂၃၀၅ | ၂၃၄၅ | ၂၃၇၀ | ၂၃၅၅ | ၂၃၃၀ | ၂၄၃၀ | ၂၄၄၅ | ၂၃၄၀ | ၂၃၅၅ | ၂၃၈၅ | ၂၃၈၅ | ၂၃၈၅ | ၂၆၁၅ | ၂၉၆၀ |
| HSD (500 ppm) | ၂၂၀၀ | ၂၂၄၅ | ၂၂၄၀ | ၂၂၀၅ | ၂၂၄၅ | ၂၂၇၀ | ၂၂၆၅ | ၂၂၃၀ | ၂၃၅၀ | ၂၃၄၅ | ၂၂၄၀ | ၂၂၄၅ | ၂၂၈၅ | ၂၂၈၅ | ၂၂၈၅ | ၂၅၁၅ | ၃၁၉၀ |
| HSD (50 ppm) | ၂၂၉၀ | ၂၃၄၀ | ၂၃၄၀ | ၂၃၀၀ | ၂၃၄၀ | ၂၃၆၅ | ၂၃၆၀ | ၂၃၂၅ | ၂၄၄၅ | ၂၄၄၀ | ၂၃၃၀ | ၂၃၄၅ | ၂၃၇၅ | ၂၃၈၀ | ၂၃၈၀ | ၂၆၁၀ | ၃၂၅၀ |
| HSD (10 ppm) | ၂၂၉၅ | ၂၃၄၅ | ၂၃၄၀ | ၂၃၀၅ | ၂၃၄၀ | ၂၃၆၅ | ၂၃၆၀ | ၂၃၃၀ | ၂၄၅၀ | ၂၄၄၅ | ၂၃၃၅ | ၂၃၄၅ | ၂၃၈၀ | ၂၃၈၀ | ၂၃၈၅ | ၂၆၁၅ | ၃၂၅၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၀၆၄ | ၂၁၃၉ |
| 95 Ron | ၂၁၈၆ | ၂၂၆၃ |
| HSD (500 ppm) | ၂၀၉၀ | ၂၁၆၁ |
| HSD (50 ppm) | ၂၁၈၀ | ၂၂၅၃ |
| HSD (10 ppm) | ၂၁၈၃ | ၂၂၅၆ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၁၂၉၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# တနင်္သာရီတိုင်းဒေသကြီး ဥပဒေချုပ်ရုံး အခြေခံစာရေးဝန်ထမ်း ရုံးလုပ်ငန်း သင်တန်းဆင်းပွဲ ကျင်းပ

ထားဝယ် နိုဝင်ဘာ ၂၄

အခြေခံစာရေးဝန်ထမ်း ရုံးလုပ်ငန်းသင်တန်းအမှတ်စဉ် (၁/၂၀၂၃) သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီက ထားဝယ်မြို့ တနင်္သာရီတိုင်းဒေသကြီးဥပဒေချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင်တိုင်းဒေသကြီး ဥပဒေချုပ်ဦးအုန်းသန်းက သင်တန်းသား သင်တန်းသူများအနေဖြင့် သင်တန်းမှသင်ကြားပို့ချပေးလိုက်သော ရုံးလုပ်ငန်းများကို သေချာမှတ်သားလိုက်နာပြီး မိမိတို့၏ လုပ်ငန်းခွင်ရောက်ရှိသည့်အခါ စနစ်တကျ အကျိုးရှိရှိ အသုံးချသွားကြရန် လိုအပ်ကြောင်းနှင့် ရုံးလုပ်ငန်းဆိုင်ရာ ညွှန်ကြားချက်များ၊ ဝန်ထမ်း စည်းမျဉ်းစည်းကမ်းများကို လိုက်နာဆောင်ရွက်ပြီး မိမိတို့၏ စွမ်းရည်မြင့်မားရေးအတွက် ကြိုးစားသွားကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဥပဒေချုပ်က သင်တန်းတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသည့် သင်တန်းသား သင်တန်းသူများကို ဆုများပေးအပ်ချီးမြှင့်ပြီး တိုင်းဒေသကြီး ဥပဒေအရာရှိက သင်တန်းဆင်း အောင်လက်မှတ်များ ပေးအပ်သည်။

သင်တန်းတွင် တိုင်းဒေသကြီးအတွင်းရှိ ဥပဒေရုံးအဆင့်ဆင့်မှ စာရေးဝန်ထမ်းများ လုပ်ငန်းကျွမ်းကျင်မှုရှိစေရန် ရည်ရွယ်ချက်ဖြင့် ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး နိုဝင်ဘာ ၂၂ ရက်မှ ၂၄ ရက်အထိ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၁၈ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**ငွေဇင်ယော်(ထားဝယ်)**



**ရေချွေတာရေး နည်းလမ်းများ**

- သွားတိုက်နေစဉ် ဘုံဘိုင်ခေါင်း ဖွင့်မထားပါနှင့်။
- သွားတိုက်လျှင် ရေဖန်ခွက် အမြဲသုံးပါ။
- ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။
- ရေပြည့်ထားသောပုံးဖြင့် ယာဉ်များကို ဆေးကြောပါ။

# ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့် မြိတ်တက္ကသိုလ်၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်၊ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်နှင့် မြန်မာစာအဖွဲ့ ကြည့်ရှုစစ်ဆေး

ရန်ကုန် နိုဝင်ဘာ ၂၄

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်သည် ယမန်နေ့က မြိတ်တက္ကသိုလ်၌ကျင်းပသော သမုဒ္ဒရာနှင့် ကမ္ဘာမြေသိပ္ပံဆိုင်ရာ သုတေသနညီလာခံအစည်းအဝေးသို့ တက်ရောက်၍ အမှာစကားပြောကြားပြီး တက္ကသိုလ်ရှိ စာကြည့်တိုက်နှင့် စာသင်ခန်းများကို ကြည့်ရှုစစ်ဆေးသည်။



**ကြည့်ရှုစစ်ဆေး**

ယင်းနောက် မြိတ်မြို့ အမှတ်(၁)နှင့် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၊ ကန်စွန်းအင်းကိုယ်ပိုင်အထက်တန်းကျောင်းများကို ကြည့်ရှုစစ်ဆေးသည်။

ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်စီးပွားရေးတက္ကသိုလ်သို့ ရောက်ရှိပြီး အွန်လိုင်းစနစ်ဖြင့် ကျောင်းဝင်မှတ်ပုံတင်ခြင်းစနစ်ကို ဗီဒီယိုဖြင့် ရှင်းလင်းပြသမှုကို ကြည့်ရှုပြီး ရန်ကုန်စီးပွားရေးတက္ကသိုလ် စာကြည့်တိုက်တွင် စာအုပ်မှတ်ပုံတင်စာရင်းသွင်းထားရှိမှု၊ စာငှားမှတ်တမ်းများထားရှိမှုနှင့် စာအုပ်များ စနစ်တကျထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်သို့ရောက်ရှိပြီး စာသင်ခန်းများတွင် အင်္ဂလိပ်၊ တရုတ်၊ ဂျာမန်၊ ပြင်သစ် ဘာသာရပ်များ သင်ယူလေ့လာနေသည့် ကျောင်းသား ကျောင်းသူများကို ကြည့်ရှုအားပေးသည်။

**တွေ့ဆုံအားပေး**

ယင်းနောက် အားကစားခန်းမများတွင် ကျောင်းသား ကျောင်းသူများ မြားပစ်နှင့် ကရာတေး အားကစားလေ့ကျင့်နေမှုနှင့် နိုင်ငံခြားသား မြန်မာစာလေ့လာသင်ယူသူ ကျောင်းသား ကျောင်းသူများကို တွေ့ဆုံအားပေးစကားပြောကြားပြီး စာကြည့်တိုက်ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် မြန်မာနိုင်ငံတိုင်းရင်းသားဘာသာစကားဦးစီးဌာနသို့ ရောက်ရှိပြီး မြန်မာစာဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းအကောင်အထည်ဖော်ရေးနှင့်ပတ်သက်၍ ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်



## ရန်ကုန်နည်းပညာတက္ကသိုလ်၌ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွက် သင်တန်းများ ဖွင့်လှစ်ရာ ကျောင်းသား ကျောင်းသူများ ပျော်ရွှင်စွာ တက်ရောက်သင်ကြားလျက်ရှိ

ရန်ကုန် နိုဝင်ဘာ ၂၄

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်ရှိ ရန်ကုန်နည်းပညာတက္ကသိုလ်၌ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွက် သင်တန်းများကို ယမန်နေ့နံနက်ပိုင်းက စတင်ဖွင့်လှစ်ရာ ကျောင်းသား ကျောင်းသူများက ပျော်ရွှင်စွာ တက်ရောက်သင်ကြားလျက်ရှိသည်။

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာနအောက်ရှိ ရန်ကုန်နည်းပညာတက္ကသိုလ်တွင် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွက် ဘွဲ့ကြိုပထမနှစ်သင်တန်းမှ ဆဋ္ဌမနှစ်သင်တန်းများနှင့် ဘွဲ့လွန်သင်တန်းများဖြစ်သည့် ပါရဂူဘွဲ့သင်တန်းများ၊ မဟာဘွဲ့သင်တန်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

ဉာဏ်ဟိန်း

## ဒဂုံတက္ကသိုလ်၌ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် နေ့သင်တန်းများ စတင်ဖွင့်လှစ်သင်ကြားပေးလျက်ရှိ

ရန်ကုန် နိုဝင်ဘာ ၂၄



ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်အတွင်းရှိ ဒဂုံတက္ကသိုလ်တွင် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် နေ့သင်တန်းများ ကျောင်းအပ်နှံမှုကို နိုဝင်ဘာ ၁၆ ရက်မှစတင်၍ စနေနေ့နှင့် တနင်္ဂနွေနေ့များအပါအဝင် လက်ခံဆောင်ရွက်ပေးလျက်ရှိပြီး နေ့သင်တန်းများကို နိုဝင်ဘာ ၂၃ ရက်မှစတင်၍ ပထမနှစ်(၂၀၂၃ အောင်)အပါအဝင် သင်တန်းနှစ်များကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

ဒဂုံတက္ကသိုလ်တွင် ဝိဇ္ဇာဘာသာရပ် ၁၄ ခုနှင့် သိပ္ပံဘာသာရပ် ၁၃ ခုတို့ကို ဖွင့်လှစ်ပို့ချသင်ကြားပေးလျက်ရှိပြီး ကျောင်းသား ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ကျောင်းအပ်နှံ ဆောင်ရွက်နိုင်စေရန် နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ သက်ဆိုင်ရာ ဌာနများက လက်ခံဆောင်ရွက်ပေးလျက်ရှိကြောင်းသိရသည်။

မြို့နယ်(ပြန်/ဆက်)

## ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ကွန်ပျူတာတက္ကသိုလ် (တောင်ငူ)စတင်ဖွင့်လှစ်



တောင်ငူ နိုဝင်ဘာ ၂၄

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ်ရှိအဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန ကွန်ပျူတာတက္ကသိုလ် (တောင်ငူ)၌ ၂၀၂၃- ၂၀၂၄ ပညာသင်နှစ်တွင် ပထမနှစ်မှ မဟာတန်းအထိ တက်ရောက်မည့် ကျောင်းသား ကျောင်းသူများကို နိုဝင်ဘာ ၂၃ ရက် နံနက်ပိုင်းက စတင်ကာ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

အဆိုပါ တက္ကသိုလ်တွင် ပထမနှစ်မှ မဟာတန်းအထိ စာရင်းရှိ ကျောင်းသား ကျောင်းသူ ဦးရေ ၄၈၀ ကျော် ကျောင်းအပ်နှံသင်ကြားလျက်ရှိပြီး ယမန်နှစ်က ပညာသင်နှစ်အလိုက် တက်ရောက်ခဲ့သူ ၃၆၁ ဦးရှိကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## သတင်းအချက်အလက် နည်းပညာတက္ကသိုလ် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် သင်တန်းများ စတင်ဖွင့်လှစ်

ရန်ကုန် နိုဝင်ဘာ ၂၄

ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်ရှိ သတင်းအချက်အလက် နည်းပညာတက္ကသိုလ်၏ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ဘွဲ့ကြို၊ ဘွဲ့လွန်သင်တန်းများအားလုံးကို ယမန်နေ့က စတင်၍ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

အဆိုပါ သတင်းအချက်အလက် နည်းပညာတက္ကသိုလ် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် အတွက် ဘွဲ့ကြိုပထမနှစ်သင်တန်းသို့ ကျောင်းသား ကျောင်းသူ ၂၀၁ ဦး တက်ရောက်ခွင့်ရရှိခဲ့ပြီး ယမန်နေ့ကစတင်၍ ဘွဲ့ကြို၊ ဘွဲ့လွန်သင်တန်းများ အားလုံးတွင် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၇၀၀ ကျော် တက်ရောက်ပညာသင်ကြားလျက်ရှိသည်။

ပထမနှစ် မောင်မယ်သစ်လွင် ကျောင်းသား ကျောင်းသူများကို ကျောင်းစတင်ဖွင့်လှစ်သည့်နေ့မှစ၍ ကွန်ပျူတာနှင့် ရင်းနှီးကျွမ်းဝင်မှုရှိစေရန် Orientation Course အနေဖြင့် Windows၊ Microsoft Word၊ Excel၊ PowerPoint သင်ခန်းစာများကို စက်ခန်းများတွင် သီတင်းနှစ်ပတ်ကြာ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



စာအုပ်စာပေ လူ့မိတ်ဆွေ စာပေမြင့်မှ လူမျိုးတင့်မည်

# ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ကရင်ပြည်နယ် အခြေခံပညာကျောင်းသားအားကစားပွဲတော် ဆုချီးမြှင့်

ဘားအံ နိုဝင်ဘာ ၂၄

၂၀၂၃-၂၀၂၄ ပညာသင်နှစ် ကရင်ပြည်နယ် အခြေခံပညာကျောင်းသားအားကစားပွဲတော်ကို အားကစားနည်း ခုနစ်နည်းဖြင့် ဘားအံမြို့ပေါ်ရှိ အားကစားကွင်း၊ အားကစားရုံ၊ အားကစားခန်းမများ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိရာ နိုဝင်ဘာ ၂၃ ရက် ညနေ ၃ နာရီခန့်က အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲစဉ်နှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ကျင်းပသည်။

ဦးစွာ ကရင်ပြည်နယ် အခြေခံပညာကျောင်းသားအားကစားပွဲတော် အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် မြဝတီမြို့နယ်ဘောလုံးအသင်းနှင့် လှိုင်းဘွဲမြို့နယ် ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့် ဇနီး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်ခင်ဆွေထွန်း၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများ၊ အားကစားဝါသနာရှင်များက ကြည့်ရှုအားပေးခဲ့ကြပြီး အဆိုပါပွဲစဉ်တွင် လှိုင်းဘွဲမြို့နယ်ဘောလုံးအသင်းက နှစ်ဂိုး- တစ်ဂိုးဖြင့် အနိုင်ရဗိုလ်စွဲခဲ့သည်။

ထို့နောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်၏ဇနီး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များက အမျိုးသမီးဘောလုံးပြိုင်ပွဲတွင် ဒုတိယဆုရရှိသော ဘားအံမြို့နယ်ဘောလုံးအသင်း၊ အမျိုးသားဘောလုံးပြိုင်ပွဲတွင် ဒုတိယဆုရရှိသော မြဝတီမြို့နယ် ဘောလုံးအသင်း၊ အမျိုးသမီးဘောလုံးပြိုင်ပွဲတွင် ပထမဆုရရှိသော ကော့ကရိတ်မြို့နယ်ဘောလုံးအသင်းနှင့် ဒုတိယဆုရရှိသော ဘားအံမြို့နယ် ဘောလုံးအသင်းတို့အား တစ်ဦးချင်းလည်ဆွဲဆု၊ ဆုဖလားနှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြပြီး ပြည်နယ်ဝန်ကြီးချုပ်က အမျိုးသားဘောလုံးပြိုင်ပွဲတွင် အနိုင်ရဗိုလ်စွဲခဲ့သော လှိုင်းဘွဲမြို့နယ်ဘောလုံးအသင်းအား တစ်ဦးချင်းလည်ဆွဲဆု၊ ဆုဖလားနှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)





# ရမည်းသင်းမြို့နယ်၌ အထူးကုဆရာဝန်များ ကျန်းမာရေးစောင့်ရှောက်မှု ကွင်းဆင်းဆောင်ရွက်

ရမည်းသင်း နိုဝင်ဘာ ၂၄

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ကုသရေးဦးစီးဌာနနှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း၍ မြန်မာနိုင်ငံပြည်သူ့ကျန်းမာရေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ(၂၀၂၃)အကြိုလှုပ်ရှားမှုအနေဖြင့် အထူးကုဆရာဝန်များ ကွင်းဆင်းကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့် အသိပညာပေးဟောပြောခြင်း၊ အခမဲ့ဆေးကုသခြင်းတို့ကို ရမည်းသင်းမြို့နယ် ထီးလှိုင်ကျေးရွာ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ယနေ့နံနက်က အခမဲ့စစ်ဆေးဆောင်ရွက်ပေးလျက်ရှိသည်။

ဦးစွာ ရမည်းသင်းခရိုင် ကုသရေးဦးစီးဌာန ခရိုင်ဆေးရုံအုပ်ကြီး ဒေါက်တာအိအိခင်က မကူးစက်တတ်သောရောဂါများ၊ သွားနှင့်ခံတွင်းဆရာဝန် ဒေါက်တာပြည့်စုံမင်းက သွားနှင့်ခံတွင်းသန့်ရှင်းရေးလုပ်နည်းစနစ်များ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမြင့်မြင့်မော်က သွေးလွန်တုပ်ကွေးရောဂါနှင့် အခြားကူးစက်တတ်သောရောဂါများအကြောင်းတို့ကို အသိပညာပေး ရှင်းလင်းဟောပြောကြသည်။

ထို့နောက် ထီးလှိုင်ကျေးရွာရှိ ပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုအဖြစ် စမ်းသပ်စစ်ဆေးကုသနေမှုကို ရမည်းသင်းခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ထွန်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်ရွှေသိန်းနှင့်အဖွဲ့ဝင်များက ကြည့်ရှုအားပေးကာ ရမည်းသင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြဉ္ဇူမြင့်နှင့်အဖွဲ့ဝင်များက အာဟာရပစ္စည်းများကို ထောက်ပံ့ပေးအပ်ကြသည်။

ရမည်းသင်းမြို့နယ်၌ မြန်မာနိုင်ငံပြည်သူ့ကျန်းမာရေးပညာရပ်ဆိုင်ရာနှီးနှောဖလှယ်ပွဲ(၂၀၂၃) အကြိုလှုပ်ရှားမှုအနေဖြင့် အထူးကုဆရာဝန်ကြီးများက အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုများ ကွင်းဆင်းဆောင်ရွက်ရာတွင် ကိုယ်ဝန်ဆောင်သားဖွားအထူးကုသခြင်း ၃၀၊ ခွဲစိတ်အထူးကုဌာနတွင် ၃၀၊ ကလေးအထူးကုဌာနတွင် ၅၁ ဦး၊ အရိုးအထူးကုဌာနတွင် ၅၉ ဦး၊ သွားနှင့်ခံတွင်းဌာနတွင် ၄၀၊ ဆေးပညာအထူးကုဌာနတွင် ၇၀ နှင့် ကိုဗစ်-၁၉ ကာကွယ်ဆေး ၆၀ စုစုပေါင်း ၃၄၀ တို့ကို အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုများနှင့် လိုအပ်သည့်ဆေးဝါးများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ဇော်ဝင်းအောင်

# သထုံမြို့နယ်၌ သဘာဝဘေးအန္တရာယ် ကာကွယ်လျှော့ချရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အသိပညာပေးလှုပ်ရှားမှုအခမ်းအနား ကျင်းပ

သထုံ နိုဝင်ဘာ ၂၄

မွန်ပြည်နယ် သထုံမြို့နယ်၌ သဘာဝဘေးအန္တရာယ် ကာကွယ်လျှော့ချရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အသိပညာပေးလှုပ်ရှားမှု အခမ်းအနားကို ယနေ့နံနက်က အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း ကုမုဒြာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် လက်ထောက်မီးသတ်ဦးစီးမှူး ဒေါ်အေးမြအောင်က အသိပညာပေးလှုပ်ရှားမှုဆောင်ရွက်ရသည့် ရည်ရွယ်ချက်နှင့် ကျောင်းသား ကျောင်းသူများအတွက် စိတ်ဝင်စားဖွယ် ဘေးအန္တရာယ်ဆိုင်ရာ ဂိမ်းကစားနည်း ကိုးမျိုးအကြောင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက မီးဘေးအန္တရာယ်ဆိုင်ရာ ကစားနည်းများဖြစ်သည့် သတ်မှတ်ထားသော ပစ်မှတ်ဆီသို့ မီးသတ်ဆေးဘူးအသုံးပြု၍ မီးငြိမ်းသတ်ရသည့် ကစားနည်း၊ မီး/လောင်စာနှင့် မီးငြိမ်းသတ်ရေးကတ်ပြားများကို အသုံးပြုသည့် ကစားနည်း၊ စောင်ကိုအသုံးပြု၍ လူနာသယ်ဆောင်ကစားနည်း၊ အိမ်ရှိပစ္စည်းများနှင့် ရေးဦးပြုစုကစားနည်း၊ ရေသန့်ဘူးအသုံးပြု၍ အသက်ကယ်အင်္ကျီ ပြုလုပ်သည့်ကစားနည်း၊ သဘာဝဘေးအန္တရာယ်ကျရောက်သည့်အခါ ယူဆောင်သွားရမည့်ပစ္စည်းများကို စဉ်းစားတတ်စေမည့် ကစားနည်း၊ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးကတ်အသုံးပြု၍ ဉာဏ်စမ်းကစားနည်း၊ ကလေးများ လွယ်ကူစွာ နားလည်နိုင်သောရုပ်ပုံများကို အဆင့်လိုက်ဆက်သော ကစားနည်း၊ ကြိုးကလေးပုံပြင်စသည့် ကစားနည်းများကို တပျော်တပါး ပါဝင်ကစားကြပြီး မီးသတ်ဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် အဆင့်မြင့်မီးငြိမ်းသတ်ရေးပစ္စည်းများနှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းသုံးပစ္စည်းများကို စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုခဲ့ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# ကျောက်တံခါးမြို့နယ် အခြေခံပညာအထက်တန်း(အနောက်ရပ်)ကျောင်း၌ လူငယ်စကားဝိုင်း ကျင်းပ

ကျောက်တံခါး နိုဝင်ဘာ ၂၄

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်၌ လူငယ်များဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးနှင့် ဗလငါးတန်းပြည့်စုံစေရေးတို့အတွက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော လူငယ်စကားဝိုင်းကို ယနေ့နံနက် ၉ နာရီက အခြေခံပညာအထက်တန်း(အနောက်ရပ်) ကျောင်းခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညွန့်ဆွေက




အဖွင့်အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စန်းတင့်က လူငယ်စကားဝိုင်း ကျင်းပရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

လူငယ်စကားဝိုင်းတွင် ဦးဆောင်ဆွေးနွေးသူအဖြစ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စန်းတင့်က ဆောင်ရွက်ပြီး ကျောင်းသား ကျောင်းသူ ရှစ်ဦးတို့က လူငယ်နှင့်အချိန်၏တန်ဖိုး၊ လူငယ်နှင့် မျိုးဆက်အမွေ၊ လူငယ်နှင့် ယဉ်ကျေးမှုတန်ဖိုး၊ လူငယ်နှင့် အလုပ်၊ လွတ်လပ်မှုနှင့် လူငယ်၊ ယနေ့ လူငယ်နှင့် မြန်မာ့ယဉ်ကျေးမှု၊ လူငယ်နှင့် ရွှေရောင်အနာဂတ်ဆီသို့၊ လွတ်လပ်ခြင်း၏တန်ဖိုး အစရှိသည့် ခေါင်းစဉ်ပါအကြောင်းအရာများကို ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများက မိမိတို့သိရှိလိုသည်များ မေးမြန်းဆွေးနွေးရာ သက်ဆိုင်ရာခေါင်းစဉ်အလိုက် ပြန်လည်ဆွေးနွေးကြပြီး ကျောင်းအုပ်ဆရာကြီး ဦးဆန်းခိုင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# တိုက်ကြီးမြို့နယ်၌ လူငယ်အသိပညာပေးဟောပြောပွဲနှင့် လူငယ်စကားဝိုင်း ကျင်းပ

တိုက်ကြီး နိုဝင်ဘာ ၂၄

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်အသိပညာပေးဟောပြောပွဲနှင့် လူငယ်စကားဝိုင်းကို ယနေ့နံနက် ၉ နာရီခွဲက တိုက်ကြီးမြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်း(မြို့မ) ပညာရတနာခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂) ဦးမောင်မောင်လတ်က လူငယ်အသိပညာပေးဟောပြောပွဲနှင့် လူငယ်စကားဝိုင်း ကျင်းပရခြင်း၏ရည်ရွယ်ချက်ကို ပြောကြားသည်။ ဆက်လက်၍ မြို့နယ်ပြန်ကြားနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်စန်းကလျာခိုင်က လူငယ်နှင့် ပျိုးထောင်ခြင်း၊ အထက်တန်းပြဆရာမ ဒေါ်မာလာဝင်းက လူငယ်နှင့်ယဉ်ကျေးမှု အကြောင်းအရာများကို အကျယ်တဝင့်အသိပညာပေးဟောပြောပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ဌေးဝင်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် လူငယ်စကားဝိုင်းကိုကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိနှင့် ကျောင်းအုပ်ဆရာမကြီးတို့က ဦးဆောင်ဆွေးနွေးသူများအဖြစ် ဆောင်ရွက်၍ ကျောင်းသား ကျောင်းသူ ခြောက်ဦးက “လူငယ်နှင့် အားကစား”၊ “လူငယ်နှင့် ပညာ”၊ “လူငယ်နှင့်ကျန်းမာရေး”၊ “လူငယ်နှင့်ယဉ်ကျေးမှု”၊“လူငယ်နှင့်နည်းပညာ”၊ “လူငယ်နှင့်စာရိတ္တ” ခေါင်းစဉ်များဖြင့် ဆွေးနွေးကြပြီး တက်ရောက်လာကြသော ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းရာ ပါဝင်ဆွေးနွေးသူများက ပြန်လည်ဖြေကြားသည်။

အဆိုပါ လူငယ်အသိပညာပေးဟောပြောပွဲနှင့် လူငယ်စကားဝိုင်းတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက မူးယစ်ဆေးဝါးအန္တရာယ်အသိပညာပေး နံရံကပ်စာစောင်နှင့် စာအုပ်ပြပွဲများကို ခင်းကျင်းပြသထားရာ ကျောင်းသား ကျောင်းသူများက စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုကြကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

❍ MNL မှ

နှစ်သင်းစလုံး အမှတ်လိုနေသဖြင့် အမာခံကစားသမားအများစုဖြင့် ပွဲထွက်လာပြီး ၁၀ မိနစ်တွင် ဝေယံထွန်းက GFA အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူခဲ့သည်။ ဂိုးပေးလိုက်ရပြီးနောက်ပိုင်းတွင် ရခိုင်ယူနိုက်တက်အသင်းက ချေပဂိုးပြန်ရရန် ကြိုးပမ်းလာပြီး ၃၁ မိနစ်တွင် ထရာအိုရေးက အဝေးကန်ချက်ဖြင့် ဂိုးပြန်သွင်းခဲ့သည်။ ပွဲကစားချိန် ၄၂ မိနစ်တွင် ရခိုင်ယူနိုက်တက်အသင်း ဒုတိယဂိုးရခဲ့ပြီး မောင်မောင်စိုးက သွင်းယူခဲ့ခြင်းဖြစ်သည်။

ဒုတိယပိုင်းတွင်လည်း ရခိုင်ယူနိုက်တက်အသင်းက ပိုဖိကစားနိုင်သော်လည်း အဆုံးသတ်အားနည်းမှုကြောင့် ဂိုးထပ်မရဘဲ ပွဲပြီးခါနီးမှ တတိယဂိုးရခဲ့သည်။ ရခိုင်ယူနိုက်တက်အသင်းအတွက် တတိယဂိုးကို ကောင်းစည်သူက သွင်းယူခဲ့ခြင်းဖြစ်သည်။ ယခုပွဲအတွက် အကောင်းဆုံးကစားသမားဆုကို ကောင်းစည်သူကရရှိသည်။ ယခုပွဲအပြီးတွင် ရခိုင်ယူနိုက်တက်အသင်းက ၂၃ မှတ်၊ GFA အသင်းက ၁၂ မှတ် ရရှိထားသည်။

ပွဲစဉ် (၂၀)ဒုတိယနေ့ကို နိုဝင်ဘာ ၂၅ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး YUSC ကွင်း၌ ရှမ်းယူနိုက်တက်အသင်းနှင့် မဟာယူနိုက်တက်၊ သုဝဏ္ဏကွင်း၌ အား/ကာသိပ္ပံအသင်းနှင့် ရတနာပုံအသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

သတင်း–ကိုညီလေး၊ ဓာတ်ပုံ–MNL

# တိုင်းရင်းသားလူမျိုးများရုပ်သံလိုင်း အချိန်ပြောင်းလဲထုတ်လွှင့်မည်

၁။ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား တိုင်းရင်းသားလူမျိုးများရုပ်သံလိုင်း ထုတ်လွှင့်မှုကို ၂၀၂၃ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့မှစပြီး ၂၀၂၃ ခုနှစ် နိုဝင်ဘာလ ၃၀ ရက်နေ့အထိ နေ့စဉ် နံနက် ၆:၀၀ နာရီမှစပြီး မွန်၊ ရခိုင်၊ ရှမ်း၊ 'ဝ'၊ ကချင်၊ ကယား၊ စကောကရင်၊ အနောက်ပိုးကရင်၊ အရှေ့ပိုးကရင်၊ ချင်း(လိုင်ဇိုး)၊ ချင်း(ချိုး) ဘာသာအစီအစဉ်များကို ည ၂၃:၀၀ နာရီအထိ ထုတ်လွှင့်လျက်ရှိပါသည်။

၂။ ယခု NRC ရုပ်သံလိုင်းထုတ်လွှင့်ချိန် ပြောင်းလဲထုတ်လွှင့်မှုကို ၂၀၂၃ ခုနှစ် ဒီဇင်ဘာလ ၁ ရက်နေ့မှစပြီး မတ်လ ၃၁ ရက်နေ့အထိ နေ့စဉ် နံနက် ၆:၀၀ နာရီမှ ၈:၀၀ နာရီအထိ ရခိုင်ဘာသာအစီအစဉ်၊ နံနက် ၈:၀၀ နာရီမှ ၁၀:၀၀ နာရီအထိ ရှမ်းဘာသာအစီအစဉ်၊ နံနက် ၁၀:၀၀ နာရီမှ နံနက် ၁၂:၀၀ နာရီအထိ 'ဝ' ဘာသာအစီအစဉ်၊ မွန်းတည့် ၁၂:၀၀ နာရီမှ မွန်းလွဲ ၁၄:၀၀ နာရီအထိ ကချင်ဘာသာအစီအစဉ်၊ မွန်းလွဲ ၁၄:၀၀ နာရီမှ ညနေ ၁၆:၀၀ နာရီအထိ ကယားဘာသာအစီအစဉ်၊ ညနေ ၁၆:၀၀ နာရီမှ ညနေ ၁၇:၀၀ နာရီအထိ စကောကရင်ဘာသာအစီအစဉ်၊ ညနေ ၁၇:၀၀ နာရီမှ ၁၈:၀၀ နာရီအထိ အနောက်ပိုးကရင်ဘာသာအစီအစဉ်၊ ညနေ ၁၈:၀၀ နာရီမှ ည ၁၉:၀၀ နာရီအထိ အရှေ့ပိုးကရင်ဘာသာအစီအစဉ်၊ ည ၁၉:၀၀ နာရီမှ ၂၀:၀၀ နာရီအထိ ချင်း (လိုင်ဇိုး) ဘာသာအစီအစဉ်၊ ည ၂၀:၀၀ နာရီမှ ၂၁:၀၀ နာရီအထိ ချင်း(ချိုး)ဘာသာအစီအစဉ်၊ ည ၂၁:၀၀ နာရီမှ ၂၃:၀၀ နာရီအထိ မွန်ဘာသာအစီအစဉ်တို့ကို ဘာသာအလိုက် အချိန်ပြောင်းလဲ ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

❖ ကျောဖုံးမှ

လမ်းခရီးတွင် ဘဝသံသရာအဝိုင်း အနီးဝန်းကျင်ရှိ သဘာဝရှုခင်းအလှများကို ကြည့်ရှုခံစားနိုင်ရန် ထီးသိမ်ဘူတာ၌ ၁၅ မိနစ် ရပ်တန့်ပေးမည်ဖြစ်ပြီး ပေါမူဘူတာသို့ ရောက်ရှိပါက ရထားတွဲဆိုင်းကို တောင်ကြီးဘက်သို့ ပြန်လှည့်နိုင်ရန် တွဲရွှေ့ပြုလုပ်ချိန် တစ်နာရီ ရပ်တန့်ပေးမည်ဖြစ်သည်။ ပြေးဆွဲမည့် ရထားတွဲဆိုင်းမှာ မြင်းကောင်ရေ ၂၀၀၀ အား စက်ခေါင်းဖြင့် အထက်တန်းနှစ်တွဲ၊ ရိုးရိုးတန်း နှစ်တွဲနှင့် ရထားထိန်းတွဲ တစ်တွဲ တို့ဖြင့် ပြေးဆွဲပေးမည်ဖြစ်သည်။

တောင်ကြီး–ပေါမူ ခရီးစဉ်တွင် အထက်တန်းလက်မှတ် တစ်ဦးလျှင် အသွား ငွေကျပ် ၂၀၀၀၊ အပြန်ခရီး ငွေကျပ် ၂၀၀၀ ဖြင့်လည်းကောင်း၊ ရိုးရိုတန်းလက်မှတ်တစ်ဦးလျှင် အသွား ငွေကျပ် ၁၀၀၀၊ အပြန်ခရီး ငွေကျပ် ၁၀၀၀ ဖြင့် ပြေးဆွဲပေးသွားမည်ဖြစ်သည်။

ခရီးသွားပြည်သူများ၏ စီးနင်းမှုအပေါ်မူတည်၍ ရထားတိုးချဲ့ပေးသွားမည်ဖြစ်ကြောင်းနှင့် စိတ်လက်အေးချမ်းပျော်ရွှင်စွာ ရထားစီးပြီး အပန်းဖြေသွားလာနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်



တောင်ကြီး–ပေါမူ ခရီးစဉ်တွင်တွေ့မြင်ရသည့် သဘာဝအလှရှုခင်း။

## ဥတု ရာသီ တောကို မှီ၏


### ပတ်စ်ပို့ပျောက်

ကျွန်တော် ဦးဝင်းငွေ ၆/ကသန(နိုင်)၀၀၀၂၄၅ ၏ ပတ်စ်ပို့နံပါတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း ၀၉–၂၅၀၉၆၁၆၄၂




# လဟယ်မြို့နယ် ထန်ပါခွေကျေးရွာ၌ VDP စီမံကိန်းဖြင့် ဆိုင်ကယ်လမ်းဖောက်လုပ်နေမှု ကွင်းဆင်းစစ်ဆေး

လဟယ် နိုဝင်ဘာ ၂၄

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃–၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် ထန်ပါခွေကျေးရွာ၌ ဆိုင်ကယ်လမ်းဖောက်လုပ်နေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာ လဟယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စိုး၊ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများသည် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကော်မတီဝင်များနှင့်အတူ ထန်ပါခွေကျေးရွာတွင်အရှည် ခြောက်မိုင်၊ အကျယ် ခြောက်ပေရှိ ဆိုင်ကယ်လမ်း ဖောက်လုပ်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး ကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကျေးရွာသူ ကျေးရွာသားများနှင့် တွေ့ဆုံကာ လိုအပ်သည်များကို မြို့နယ်ဦးစီးမှူးက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အဆိုပါလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၅၀ ကို အသုံးပြုကာ ဦးစီးဌာနဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် စက်တင်ဘာလ စတုတ္ထပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်မှုကြောင့် ယခုအခါ လုပ်ငန်းအားလုံး၏ ၇၅ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ရာ လုပ်ငန်းများရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပါက အဆိုပါကျေးရွာရှိ အိမ်ခြေ ၁၄၀၊ လူဦးရေ ၁၀၂၁ ဦးကို အကျိုးပြုမည်ဖြစ်ကြောင်း သိရသည်။

၂၂၂

# နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) ၌ စာရေးဝန်ထမ်းကြီးကြပ်သင်တန်း အမှတ်စဉ်(၉၃) သင်တန်းဆင်း

ရန်ကုန် နိုဝင်ဘာ ၂၄

နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)၏ စာရေးဝန်ထမ်းကြီးကြပ်သင်တန်း အမှတ်စဉ်(၉၃) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် အဆိုပါတက္ကသိုလ် စစ်ရေးပြကွင်း၌ ကျင်းပသည်။

ဦးစွာ သင်တန်းဆင်းတပ်ခွဲက နိုင်ငံတော်အလံအား အလေးပြုကြသည်။ ထို့နောက် ပါမောက္ခချုပ်က သင်တန်းသားစံပြဆုရရှိသည့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ရုံးမှ ဌာနခွဲစာရေး ဦးခင်ဇော်၊ သင်တန်းသူစံပြဆုရရှိသည့် ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဌာနခွဲစာရေး ဒေါ်ရတနာထွေး၊ သင်တန်းသား သင်တန်းသူ ပထမဆု၊ ဒုတိယဆု၊ သေနတ်ပစ်ထူးချွန်ဆု၊ စစ်ရေးပြထူးချွန်ဆု ရရှိသူများကို ထူးချွန်ဆုများ ပေးအပ်ချီးမြှင့်ပြီး သင်တန်းသား သင်တန်းသူ ခေါင်းဆောင်များထံ သင်တန်းဆင်းအောင်လက်မှတ်များ ပေးအပ်ချီးမြှင့်ကာ သင်တန်းဆင်း မိန့်ခွန်းပြောကြားသည်။

သင်တန်းဆင်းပွဲအခမ်းအနားသို့ ဒုတိယပါမောက္ခချုပ်များ၊ ဌာနကြီးမှူး၊ ပါမောက္ခများ၊ သင်ကြားစီမံဌာနများမှ တာဝန်ရှိသူများနှင့် သင်တန်းသား သင်တန်းသူ ၁၃၇ ဦးတို့ တက်ရောက်ကြောင်းနှင့် သင်တန်းကာလမှာ စက်တင်ဘာ ၁၈ ရက်မှ နိုဝင်ဘာ ၁၁ ရက်အထိ ရက်သတ္တ ၁၀ ပတ်ကြာမြင့်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

❂ THE GREAT LETHWEI မှ

ဖွဲ့ထက်အောင်၊ ဆလိုင်းထန်ခွီးရှိန်နှင့် ကျောက်ရိုင်း၊ ၅၄–၅၇ ကီလို(ဖယ်သာဝိတ်တန်း)တွင် စောကဲဒိုနှင့် ဒေါင်းသတ္တိ၊ ၆၃.၅–၆၇ ကီလို(ဝယ်လ်တာဝိတ်တန်း)တွင် စိုးမိုးဇော်နှင့် အဖိုးသွေး၊ ၆၀–၆၃.၅ ကီလို(လိုက်တယ်လ်တာဝိတ်တန်း)တွင် မင်းထက်ကျော်နှင့် စီတိုးတို့ ပါဝင်ထိုးသတ်ကြမည်ဖြစ်ကြောင်း သိရသည်။

လင်းရာမ

# နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

နေပြည်တော် နိုဝင်ဘာ ၂၄

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ် လျော့နည်းနေမည်။

မိုး/ဇလ


## အများသိစေရန်အသိပေးကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဒေါက်တာ အိအိအောင်(သားဖွားမီးယပ်အထူးကု) ၁၂/ပဗတ(နိုင်)၀၁၂၃၈၂၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါက်တာ အိအိအောင် ၏ လုပ်ငန်းနှင့်ပတ်သက်၍ ဂုဏ်သိက္ခာကျဆင်းစေရန် ရည်ရွယ်၍ မဟုတ်မမှန်သတင်းများကို Facebook လူမှုကွန်ရက်စာမျက်နှာပေါ်နှင့် Social Media များပေါ်တွင် Post တင်ခြင်း သော်လည်းကောင်း၊ Comment ပေးခြင်းသော်လည်းကောင်း၊ မျှဝေခြင်းသော်လည်းကောင်း ပြုလုပ်ဆောင်ရွက်ပါက ကျွန်ုပ်၏မိတ်ဆွေက တည်ဆဲဥပဒေများနှင့် အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သက်ဆိုင်သူများနှင့် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်သန်းသန်းနီ
(အထက်တန်းရှေ့နေ)(စဉ်–၇၇၂၆)
အမှတ်–၄၃၉၊ ဘုရင့်နောင်လမ်း၊ ၃၉/A ရပ်ကွက်၊
ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
ဖုန်း–၀၉–၅၀၀၃၃၇၁

### ပျောက်ဆုံးကြောင်း

ကျွန်တော် မြတ်သူ[၁၂/သလန(နိုင်)၀၈၂၈၃၁]၏ ပတ်စ်ပို့နံပါတ် MA–060565 နှင့် CDC 58972 စာအုပ်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

Ph:09–795115387

### ပျောက်ဆုံးကြောင်း

ဦးသက်မှူးအောင်ဇင် [၁၂/ဒဂန(နိုင်)၀၃၄၁၂၁] ကိုင်ဆောင်သော နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

Ph:09–404376205

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ ဇဝနဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၇/မြို့မအနောက်ရပ်၊ မြေဧရိယာ(၀.၁၁၀)ရှိ မြေကွက်အမှတ်(ပ–၂၃၉၆၂) ကို အမည်ပေါက် ဦးထွန်းထွန်း (ဘ)ဦးလှအောင် [၁၃/ကလန(နိုင်)၀၁၇၉၃၄]၏ အထူးကိုယ်စားလှယ်ဖြစ်သူ ဦးကျော်ဆန်းဝင်း (ဘ) ဦးစိုးမောင် [၁/မကန(နိုင်)၁၀၃၇၃၈]မှ ဦးကိုကို (ဘ) ဦးသောင်းမြင့် [၁/မကန(နိုင်)၁၂၂၁၂၃] နှင့် မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် မှတ်ပုံတင်နှင့် အိမ်ထောင်စုစာရင်း၊ မြေငှားရမ်းခပြေစာ၊ ပျဉ်းမနားမြို့၊ စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာ အမှတ်–၅၆၉/ ၂၀၂၃(၉–၈–၂၀၂၃) တင်ပြ၍ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်သူမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

# အများပြည်သူသိရှိစေရန် ကြေညာခြင်း

ကျွန်ုပ်၏အမှုသည်ဖြစ်သူ မြန်မာ့ရှေ့ဆောင်ဘဏ် (Myanma Apex Bank MAB)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများပြည်သူသိရှိစေရန် ကြေညာအပ်ပါသည်–

နေရှင်နယ်တာဝါဒီပလော့မန့်ကုမ္ပဏီလီမိတက် (National Tower Development Company Limited) (NTD)(ကုမ္ပဏီမှတ်ပုံတင်အမှတ်–119009235)သည် ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ (၅)ရက်နေ့စွဲပါ ငွေချေးစာချုပ်နှင့်စပ်လျဉ်း၍ မြေယာအဆောက်အအုံများ၊ လက်ရှိနှင့် အနာဂတ်တွင်ရှိလာမည့် ရရန်ရှိသောငွေစာရင်းများ၊ ဘဏ်စာရင်းများ၊ ဆက်သွယ်ရေးတာဝါတိုင်များ၊ ၎င်းနှင့် ဆက်စပ်သော ရွှေ့ပြောင်းနိုင်သည့် စက်ရုံပစ္စည်းများ၊ ပစ္စည်းကိရိယာတန်ဆာပလာများနှင့် စက်ပစ္စည်းများအပါအဝင် ကုမ္ပဏီ၏ ပိုင်ဆိုင်မှုများအား ကျွန်ုပ်တို့၏အမှုသည်ဖြစ်သူ မြန်မာ့ရှေ့ဆောင်ဘဏ်ထံသို့ အာမခံအဖြစ် တင်သွင်းထားပါသည်။ ယခုအခါ နေရှင်နယ်တာဝါဒီပလော့မန့်ကုမ္ပဏီ(NTD)သည် မြန်မာ့ရှေ့ဆောင်ဘဏ် (MAB)ထံမှ ချေးယူခဲ့သော ချေးငွေများကို ပြန်လည်ပေးဆပ်ရန် ပျက်ကွက်လျက်ရှိနေသည့်အတွက် အဆိုပါအာမခံပစ္စည်းများတွင်ပါဝင်သော အောက်ဖော်ပြပါ တာဝါတိုင်များကို မြန်မာ့ရှေ့ဆောင်ဘဏ်(MAB)၏ ခွင့်ပြုချက်မရှိဘဲ တစ်နည်းနည်းဖြင့် လွှဲပြောင်းရောင်းချခြင်း/လက်ခံခြင်း မပြုလုပ်ကြပါရန်နှင့် လွှဲပြောင်းရောင်းချခြင်း/လက်ခံခြင်း ပြုပါက ဥပဒေအရ ပေါ်ပေါက်လာနိုင်သည့် ပြဿနာအားလုံးသည် မိမိတို့၏ တာဝန်သာဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်–

| Mytel Site ID | Chargor Site ID | Site Address |
|---|---|---|
| KCN0013 | KCH1001 | No.(100C), Shan Su (S) Ward, Myitkyina |
| KCN0017 | KCH1003 | Block No. 40, Lot No. 41/6, Shwe Nyaung Pin Ward, Myitkyina |
| KCN0107 | KCH2001 | Han Tel Village, Bhamo Township |
| KCN0139 | KCH4001 | No(332), Airport Ward 2, Puta–O |
| KCN0144 | KCH4002 | Kaung Ka Htawng Ward (5) No–356 |
| KCN0149 | KCH4003 | Yoe Gyi Ward, Bhamo |
| KCN0151 | KCH2002 | Par In(2) ward, Puta–O |
| KCN0152 | KCH4004 | MyoMa(2)ward, Puta–O Tsp |
| KCN0158 | KCH4005 | No. 46, Dote Tan Ward, Puta–O |
| KCN0164 | KCH4006 | 1/11,Seng Awng,Ward–1,Hpakant Tsp |
| KCN0165 | KCH3001 | Mu Done(2) Village, Puta–O Township |
| KCN0171 | KCH4007 | Se Hel Village, Bhamo Township. |
| KCN0173 | KCH2003 | Ward 3, SeikMu Village group, Hpakant Township |
| KCN0176 | KCH3002 | Myo Gone Village, Shwegu Tsp |
| KCN0216 | KCH2004 | Nam Par Village, Lann Taung Village Group, Puta–O Township |
| KCN0250 | KCH4008 | No.4 ward, BawGaBaLa New, Shwegu Tsp |
| KCN0252 | KCH2005 | Ye Le Village, Shwegu Township |
| KCN0278 | KCH2006 | North Village, Taw Pone Village Group, Shwegu Township |
| KCN0280 | KCH2007 | Man Wein Village, Shwe gu Tsp |
| KCN0282 | KCH2008 | Nga Pyaw Taw Village, Bhamo |
| KCN0286 | KCH4009 | Note Cho Village, Ta Yet Kone Group, Shwe Gu Tsp |
| KCN0307 | KCH3003 | Bo Gone Village, Shwe Gu Tsp |
| KCN0308 | KCH2009 | Phat Mar Suat Village, Puta–O Township |
| KCN0311 | KCH2010 | Shwegu Lay village, Shwegu Tsp |
| KCN0324 | KCH2011 | Man Naung Village, Momauk Township |
| KCN0327 | KCH2012 | 78 road, 37x38, Hotel Mandalay |
| KCN0328 | KCH4010 | No.80,37st, Bet 76st&77st, Mandalay |
| KCN0329 | KCH2013 | 75st, 33st x 34st, Maw Ya Gee Whar Quarter |
| KCN0334 | KCH2014 | No 505/26 between 80th and 81th, between 35th and 36th |
| MDY0025 | MDL1001 | 71x72 Bet, 29x30 St Thuzar St |
| MDY0027 | MDL1002 | 29th Street, Between 77th x 76th Street, Chanayethazan Township |
| MDY0030 | MDL1003 | 20st, 81x82st, Aungmyaytharsan |
| MDY0035 | MDL1004 | Between 37x38 st,82st, Tama ward, Maharaungmyay Tsp |
| MDY0040 | MDL1006 | Corner of 23x24–81st, Aung Myay Thar San Township, Mandalay |
| MDY0041 | MDL1007 | Shwe Kyi Moe Ka Fay, 40 st, 82 corner |
| MDY0047 | MDL1008 | 41 STREET,83–84 Between–Road, Maha Aung Myae Ts, Mandalay Division |
| MDY0049 | MDL1009 | Power Hotel, No 686, 80 st, bet 39 st & 40 st |
| MDY0050 | MDL1010 | 73st x 74st 28st x 29st |
| MDY0052 | MDL1011 | 69str, Myawaddy Mingyi Road, Kagyi Qtr, Pyigyi Tagon Tsp |
| MDY0053 | MDL1012 | 38st 71st x 72st, Mahaaungmyay Township |
| MDY0057 | MDL1013 | 11 x 12 St, 78 St, Aung Myay Thazan Township |
| MDY0061 | MDL1014 | 69 st, 38 x 39 st Mahar Myaing Quarter, Mahar Aung Myay Township |
| MDY0063 | MDL1015 | 33st Bet 62st x 63st |
| MDY0068 | MDL1016 | Bet 66st x 67st, bet Yadanar Aung Myay St x Thazin St, Chanmyathazi Township, Mandalay |
| MDY0073 | MDL1017 | Ngu Wah St, bet 62st x 63st, Chanmyathazi Township, Mandalay |
| MDY0076 | MDL1018 | 19x20 st, Sapel Condo, Aung Myay Thar Zan Township |
| MDY0081 | MDL1019 | Quarter 347, 38 street between 91th & 92th street |
| MDY0082 | MDL1020 | Bet78stx 42st, Mahaaungmyay |
| MDY0085 | MDL1021 | Na(Za–5/43) 61st, Manawhari str x Khin eShwe Wah Str, Chanmyathazi tsp |
| MDY0087 | MDL1022 | 71x72St, Dalier and Zalat War St, Chanmya Tharsi |
| MDY0089 | MDL1023 | 42St Between 83–84 st Myittar st No,831 Khawar chan, Shwe Phone |
| MDY0097 | MDL1024 | 90 st between 31x32 st No.308 Day win ward Chamayetharzey |
| MDY0099 | MDL1025 | 20st 86stx88st, No 7 Block 119 Shwe Pyi Quarter, Aung Myaytharsan |
| MDY0100 | MDL1026 | No.(303), Deawen Ward, Conner 90 and 33, Chanayethazan Township |
| MDY0102 | MDL1027 | Corner of 90th road and 30th street |
| MDY0103 | MDL1028 | Pyawbwel Anout Ward, No.268, Chanayetharsan Tsp |
| MDY0104 | MDL1029 | 86 st, 28 x 29 st. Thiri Haymar Qtr. Chanayethazan Township |
| MDY0105 | MDL1030 | Between 38 x 39 St 86x87 st No, 278 kokeko Qtr Maharaungmyae TWSH |
| MDY0106 | MDL1031 | 89st, 20x21st |
| MDY0109 | MDL1033 | Conor of 82 st and 18 st, Aungmyaytharsan |
| MDY0111 | MDL1034 | 81st,45stx46st Maharaung Myay |
| MDY0114 | MDL1036 | No 6 street, No 4 quarter, Pyin Oo Lwin |
| MDY0115 | MDL1037 | No(Za5/43), 61st, bet Manawhari st x Khine Swe Wah st, Myo Thit (3), Chanmyathazi Township, Mandalay |
| MDY0116 | MDL1038 | 68x69st,37x38st Maharaung myay |
| MDY0123 | MDL1039 | Ta 4/54, 62st, bet Thazin St x Ngu Pyar St, Chanmyathazi Township, Mandalay |
| MDY0130 | MDL2001 | 8stx9st, 76stx77st, Amayahtarni East, Aung Myaytharsan |
| MDY0133 | MDL1040 | Bet 82 x Sagaing–Mandalay road lot number 499 Chanmyatharsi |
| MDY0137 | MDL1041 | No 231, 75th road, between 37th & 38th street |
| MDY0140 | MDL1042 | 19x20 St, 62 x 63 st Shwe Padaythar St, Aung Myay Thar San |
| MDY0141 | MDL1043 | 74st Bet Tharyarwaddy Mingyi st x Kyan Sit Thar st |
| MDY0146 | MDL1044 | 74st Bet Tharyarwaddy Mingyi st x Kyan Sit Thar st |
| MDY0147 | MDL1045 | Quarter(18) DoeGwinvillage, PyinOoLwin |
| MDY0157 | MDL1046 | No.133, Qtr(17), Anesakham, PyinOoLwin |
| MDY0194 | MDL1047 | No.142, Qtr(6), Forest st, Pyin OoLwin |
| MDY0209 | MDL2002 | No.370,Qtr(17),Zay Gone Apartment, Snesakham, Pyin OoLwin |
| MDY0213 | MDL2003 | 82st bet Kwal Ser Kan 3 and Kwal Ser kan 7 Chipar East quarter Chan Myatharsi |
| MDY0214 | MDL2004 | No78, Ball lone st, Kyug Fer Qu, Kyat Pyin Mogok |
| MDY0220 | MDL2005 | Kyarnyat village, thapatkyin township |
| MDY0230 | MDL2006 | Pathein Gyi Quarter, Minkahn Village |
| MDY0234 | MDL1048 | Chanayethazan township |
| MDY0266 | MDL2007 | 25 x 88 St, Thiri Mingalar Qtr, Aung Myay Thazan Township |
| MDY0330 | MDL2008 | Aung Yayadanar st. Mandalay R.g, Chung gyi Village |
| MDY0349 | MDL1049 | Ywar Thar Aye Village, Nyaung U Tsp |
| MDY0367 | MDL1050 | War Khin GyiVillage, Nyaung Oo Tsp,Nyaung Oo District Mandalay region |
| MDY0390 | MDL1051 | Field No(739)/U Pai No(97)/YekyiSanPya village/Patheingyi Township |
| MDY0434 | MDL2009 | No.482, Block No.3, Sin Put Gyi village, Patheingyi Tsp |
| MDY0477 | MDL5001 | Lat Wae Village, Nyaung Oo Tsp,Nyaung Oo District Mandalay region |
| MDY0483 | MDL5002 | A–Naunt Own Village, NyaungU Tsp. |
| MDY0508 | MDL1052 | Phalan Kan Village, Nge ThaYout Village Group, Nyaung U tsp |
| MDY0571 | MDL1053 | Pauktapin village, Thapainkyin Tsp |
| MDY0595 | MDL5003 | Mon Taw Village, Amarapura Tsp |
| MDY0617 | MDL5004 | 60st,35st x 36st, Mahamyaing (2) Quarter |
| MDY0626 | MDL5005 | Yay Bote/Sanpya village/Amarapura Tsp |
| MDY0671 | MDL2010 | Mee Laung Phyar North village, Nyaung U Tsp |
| MDY0676 | MDL1054 | Ywar Palae Village, Nge ThaYout City Nayung U Tsp. |
| MDY0680 | MDL1055 | No.40, Lat Pan Kone Village, Thabeikkyin Township, Pyin Oo Lwin District, Mandalay Division |
| MDY0683 | MDL1056 | Sount Taw Wa Qtr, Amarapura Tsp. Madalay |
| MDY0688 | MDL5006 | SinTharMwe Village, Nga ThaYout Tsp, NyaungOo District |
| MDY0701 | MDL5007 | 40 x 41 St, 66 x 67 St, Mahar Aung Myay Township |
| MDY0706 | MDL2011 | U Paing 29/5, Si Taw village patheingyi township |
| MDY0720 | MDL1057 | Wat wan village, Pyinoolwin township |
| MDY0797 | MDL5008 | War Phyu Taung village |
| MDY0850 | MDL1058 | Patiee Phyu Village, Thabakekyin Tsp |
| MDY0855 | MDL1059 | No(27),Qtr(10), Mya Nandar block, Pyin Oo Lwin |
| MDY0865 | MDL2012 | Corner of 53st x Ywar Lae St, Chan Mya Thar Zi Township, Mandalay. |
| MDY0873 | MDL2013 | Da Nohm street, Myit Laung Village, Amapura TWSP, Mandalay Region. |
| MDY0883 | MDL2014 | U Naing Min Htwe |
| MDY0961 | MDL2015 | U Paing No(8), Shan Taw East/North Kwin, Moegoke Township. |
| MDY0967 | MDL1061 | 60 st, 31x32 st, Pyigyi Myat Shin |
| MDY0969 | MDL1062 | 52st x 53 st Corner of Yan Naing Lin Street Pyi Gyi Ta Gon Tsp |
| MDY0976 | MDL1063 | Pho Yar Zar st Between 70st x 71st. |
| MDY0984 | MDL2016 | Sar Toe Village, Myoe Pyin Gyi Village Group, Amarapura TWSH |
| MDY0986 | MDL1065 | Nga yant Chaung village, Pyin Oo Lwin |
| MDY1003 | MDL1066 | No.4/138,Hman Tan Gon Yee(1)Str, Hman Tan Qtr, Amarpaura Tsp |
| MDY1014 | MDL1067 | No.64, Block No.491,YaeKone Village Group, Patheingyi Tsp |
| MDY1019 | MDL1068 | Lake San Kun Village, Amarapura Tsp |
| MDY1022 | MDL2017 | Aung Yandanar street, Min Kone Quarter Maharaungmyay TWSH |
| MDY1024 | MDL1069 | MyoPat Road, NyaungKwal Quarter, Aungmyaytharzan Tsp |
| MDY1032 | MDL1070 | 7(A) Maha Si Yike Thar St,353 Ward, Maha Aung Myay Tsp |
| MDY1038 | MDL1071 | Sin Pin Tar Yar Ward, patheingyi Township |
| MDY1041 | MDL1072 | No(442), Thone Taung Village, Pyin Oo Lwin |
| MDY1045 | MDL1073 | Lel Mel Wah Gi Village, Puta–O Township |
| MDY1061 | MDL1074 | Mai Khawng Village, Man si Township |
| MDY1077 | MDL1075 | No. MaMa(33), Myoma Ward, Sumprabum |
| MDY1093 | MDL2018 | Nant Yar Village, Hpakant Tsp, Kachin |


လွှဲအပ်ညွှန်ကြားချက်အရ–

**ဦးခင်ဇော်**

တရားလွှတ်တော်ရှေ့နေ(စဉ်–၁၀၄၃၀)

အခန်း–၄၀၈(အေ)၊ **Prime Hill Business Square**၊ အမှတ်(၆၀)၊

ရွှေတိဂုံဘုရားလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း–၀၉–၇၉၉၈၅၃၀၆၉

## ကြော်ငြာစာ

